# မြန်မာနိုင်ငံအတွက် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းဆိုင်ရာ လက်စွဲစာအုပ်

ပထမအကြိမ်တည်းဖြတ်ထုတ်ဝေခြင်း

စက်တင်ဘာလ ၂၀၁၉ ခုနှစ်

International Commission of Jurists

ကမ္ဘာ့ဒေသအားလုံးမှ အထင်ကရတရားသူကြီးနှင့် ရှေ့နေပေါင်းအယောက် ၆၀ ဖြင့်ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (International Commission of Jurists – ICJ)သည် ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ တရားရေးစနစ်များဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုအားကောင်းလာစေရန် ၎င်း၏ဥပဒေဆိုင်ရာကျွမ်းကျင်မှုကို အသုံးချ၍ တရားဥပဒေစိုးမိုးမှုမှတစ်ဆင့် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးပါသည်။ ၁၉၅၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာ့တိုက်ကြီးငါးခုတွင် လုပ်ကိုင်ဆောင်ရွက်နေသော ICJ သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော်မှုရှိစေရန်၊ နိုင်ငံသားဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများရရှိစေရန်၊ လုပ်ပိုင်ခွင့်အာဏာခွဲခြားသတ်မှတ်ချက်ကိုကာကွယ်ရန်၊ တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာလွတ်လပ်မှုကို အာမခံချက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

အခြားသောပုဂ္ဂိုလ်များအပြင် ဥပဒေပညာရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများနှင့် ဆွေးနွေးမှုများကြောင့်လည်း ဤလက်စွဲစာအုပ်အတွက် အဖိုးတန်သော အချက်အလက်များကို ရရှိခဲ့ပါသည်။

® မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းဆိုင်ရာ လက်စွဲစာအုပ် (ပထမအကြိမ်တည်းဖြတ်ခြင်း)
© International Commission of Jurists မူပိုင်ခွင့်
၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသည်။

International Commission of Jurists (ICJ) သည် ၎င်း၏ မည်သည့်ထုတ်ဝေမှုများကိုမဆို လွတ်လပ်စွာ ကောက်နုတ်ကူးယူဖော်ပြခွင့်ပေးသော်လည်း ကောက်နုတ်ထားကြောင်း နည်းလမ်းတကျအသိအမှတ်ပြုရမည့်အပြင် ထိုကောက်နုတ်ချက်ပါဝင်သော ထုတ်ဝေမှုမိတ္တူကို အောက်ပါလိပ်စာရှိ ရုံးချုပ်သို့ ပေးပို့ရမည် -

International Commission of Jurists
P.O. Box 91 Rue des Bains 33
Geneva
Switzerland

ယခုစာအုပ်သည် ဥရောပသမဂ္ဂ၏ ငွေကြေးပံ့ပိုးမှုဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများသည် အပြည်အပြည်ဆိုင်ရာဥပဒေရှင်များ ကော်မရှင် -ICJ နှင့်သာ သက်ဆိုင်ပြီး ဥရောပသမဂ္ဂ၏ အမြင်များ မဟုတ်ကြောင်း အသိပေးလိုပါသည်။

# မြန်မာနိုင်ငံအတွက်  မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းဆိုင်ရာ လက်စွဲစာအုပ်

ပထမအကြိမ်

စက်တင်ဘာလ ၂၀၁၉ ခုနှစ်

# မာတိကာ

**နိဒါန်းနှင့် ပြုစုရေးသားထားသော နည်းလမ်း** ၁

**အပိုင်း - ၁ ။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းဆိုတာဘာလဲ** ၂
၁.၁။ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် အဓိကကျသော အယူအဆများ ၂
၁.၂။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ပေါ်ပေါက်လာပုံဖစ်မြစ်နှင့် တိုးတက်ပြောင်းလဲလာပုံ ၃
၁.၃။ ဖြစ်လာနိုင်သောသက်ရောက်မှု ၆
၁.၄။ တရားစွဲဆိုခြင်းက အကောင်းဆုံးနည်းလမ်းလား ၈
၁.၅။ တရားစွဲဆိုသည့်နေရာရွေးချယ်မှု - ပြည်တွင်းနှင့်နိုင်ငံတကာ ၉

**အပိုင်း - ၂ ။ မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲနိုင်သည့် ဥပဒေနယ်ပယ်များ** ၁၁
၂.၁။ အုပ်ချုပ်ရေးအဖွဲ့များ - မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ ရင်းနှီးမြှုပ်နှံမှု ၁၁
၂.၁.၁။ ၁၈၉၄ခုနှစ်၊ မြေသိမ်းအက်ဥပဒေ (LAA) ၁၁
၂.၁.၂။ လယ်ယာမြေဥပဒေ ၁၂
၂.၁.၃။ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းဥပဒေ ၁၂
၂.၁.၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၁၄
၂.၁.၅။ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၁၄
၂.၁.၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ ၁၅
၂.၁.၇။ အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို တရားစီရင်ရေးက ပြန်လည်သုံးသပ်ခြင်း - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များ ၁၆
၂.၁.၈။ ရှေ့တော်သွင်းစာချွန်တော်အမိန့် ၂၀
၂.၂။ တားမိန့်များ ၂၀
၂.၃။ တရားမတောင်းဆိုမှုများ ၂၁
၂.၃.၁။ ကာလစည်းကမ်းသတ်များနှင့် တရားစွဲဆိုရန်အကြောင်းများ ၂၂
၂.၃.၂။ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုအားတရားစွဲဆိုခြင်း ၂၂
၂.၄။ ရာဇဝတ်မှုဆိုင်ရာဥပဒေ ၂၃
၂.၄.၁။ တရားခွင်မတိုင်မီ ပြုလုပ်သောအဆိုများ ၂၃
၂.၄.၂။ ရာဇဝတ်မှုမြောက်သောကျော်နင်းမှု ၂၄

**အပိုင်း ၃ - မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုရန်စီစဉ်ခြင်း** ၂၆
၃.၁။ လက်တွေ့ဆောင်ရွက်ရန်အဆင့်များနှင့် ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများ ၂၆
၃.၂။ မဟာဗျူဟာမြောက်တရားစွဲဆိုရန် ကွန်ယက်များဖန်တီးခြင်း ၂၇
၃.၃။ မီဒီယာနှင့်ဆက်သွယ်ရေးဗျူဟာ ၂၉
၃.၄။ နစ်နာသူအားကာကွယ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေဆန်းစစ်ခြင်း ၃၀
၃.၅။ အမှုရွေးချယ်မှုနှင့် ချိန်သားကိုက်မှု ၃၂

**အပိုင်း ၄ - ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၃၃

၄.၁။ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုကို အားပေးထောက်ခံခြင်း ၃၃

၄.၂။ အုပ်ချုပ်ရေးဥပဒေရေးဆွဲခြင်း ၃၃

၄.၃။ ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း ၃၄

၄.၄။ ရှေ့နေများ၏ ခံနိုင်ရည်တည်ဆောက်ခြင်း ၃၅

**နောက်ဆက်တွဲ** ၃၇

**နောက်ထပ်ရင်းမြစ်များ** ၃၇

## နိဒါန်းနှင့် ပြုစုရေးသားထားသောနည်းလမ်း

ဤလက်စွဲစာအုပ်တွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ ရည်ရွယ်ချက်နှင့်သဘောတရားကို နားလည်လွယ်ပြီး လိုရင်းတိုရှင်းဖြစ်အောင် ခြုံငုံသုံးသပ်ဖော်ပြထားပါသည်။ ဤစာအုပ်သည် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကို မြန်မာနိုင်ငံတွင် သီးသန့်ကြုံတွေ့ရသော ရှုထောင့်များနှင့် လုပ်ဆောင်ကျင့်သုံးရန် ချင့်ချိန်စဉ်းစားနေသူများတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ဆွေးနွေးထားပါသည်။ ဤလက်စွဲစာအုပ်သည် မြန်မာနိုင်ငံရှိ ဥပဒေဆိုင်ရာလိုက်နာကျင့်သုံးလုပ်ဆောင်သူများနှင့် လူထုတက်ကြွလှုပ်ရှား သူများအားလုံးအတွက် အသုံးဝင်စေရန်ရည်ရွယ်ကာ ပြုစုခဲ့ပါသည်။ ICJ မှ ဥပဒေဆိုင်ရာအကြံပေးများနှင့် အတိုင်ပင်ခံများကဦးဆောင်၍ ၂၀၁၄-၂၀၁၉ခုနှစ်အတွင်း ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှတက်ကြွလှုပ်ရှားသူများနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများ၊ လေ့ကျင့်သင်ကြားမှုများနှင့်ဆွေးနွေးပွဲများအပေါ် အခြေခံထားပါသည်။ ဤလက်စွဲစာအုပ်တွင်ဥပဒေပညာရှင်များနှင့်အရပ်ဘက်လူ့အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများက ထုတ်ဖော်ပြောဆိုခဲ့ကြသည့်အတိုင်း မြန်မာနိုင်ငံနှင့်အခြားနိုင်ငံများမှ အတွေ့အကြုံများကို အခြေခံ၍ မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ ဖြစ်လာနိုင်သော သက်ရောက်မှုကိုဖော်ပြထားပြီး ဆက်စပ်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကိုလည်း အသိအမှတ်ပြုထားပါသည်။

ဤလက်စွဲစာအုပ်၏ အပိုင်း-၁ တွင် မဟာဗျူဟာမြောက်တရားစွဲဆိုမှု၏ ပေါ်ပေါက်လာပုံဇစ်မြစ်၊ အဓိကကျသော အယူအဆများ၊ ဖြစ်လာနိုင်သောသက်ရောက်မှုများ၊ စိန်ခေါ်မှုများနှင့် တရားစွဲဆိုသည့်နေရာများ အပါအဝင် ၎င်း၏ ပင်မအကြောင်းအရာများကို လေ့လာတင်ပြထားပါသည်။ အပိုင်း-၂ တွင် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များအပါအဝင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းဆိုင်ရာ လုပ်ဆောင်မှုများအတွက် ရွေးချယ်စရာနည်းလမ်းများပေးအပ်သော ဥပဒေနယ်ပယ်များကို ဖော်ပြထားပါသည်။ မီဒီယာဆိုင်ရာ မဟာဗျူဟာနှင့် အမှုတွဲရွေးချယ်မှုအစရှိသော မဟာဗျူဟာမြောက်တရားစွဲဆိုမှုအားစီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် လက်တွေ့အဆင့်များကို အပိုင်း-၃ တွင် ဖော်ပြထားပါသည်။ နောက်ဆုံး၌ ဤလက်စွဲစာအုပ်၏ အပိုင်း-၄ တွင် တရားရေးကဏ္ဍ၌ ပိုမိုကျယ်ပြန့်စွာ လိုအပ်နေသောပြုပြင်ပြောင်းလဲမှုများအကြောင်း ဆွေးနွေးမှုအပါအဝင် မြန်မာနိုင်ငံ၏ အခြေအနေတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများအကြောင်းကို ဆွေးနွေးထားပါသည်။

## အပိုင်း ၁ - မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းဆိုတာ ဘာလဲ။

ဤအပိုင်းတွင် နိုင်ငံယှဉ်ထိုက်သောသာဓကများကို အသုံးပြု၍ လူမှုရေးတရားမျှတမှုအတွက် နည်းလမ်းတစ်ရပ်အဖြစ် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း ပေါ်ပေါက်လာပုံကို လေ့လာတင်ပြထားပါသည်။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းက လက်တွေ့တွင်လူမှုရေးပြောင်းလဲမှုနှင့် တရားမျှတမှုလက်လှမ်းမီရရှိနိုင်မှုကို မည်သို့အထောက်အကူဖြစ်စေကြောင်းကို (၁) မဟာဗျူဟာမြောက် တရားစွဲဆိုမှုကို အဓိပ္ပာယ်သတ်မှတ်ပြီး ၎င်း၏ ပေါ်ပေါက်လာပုံကို စိတ်ဖြာသုံးသပ်ခြင်းအားဖြင့်လည်းကောင်း၊ (၂) အရေးပါသော နိုင်ငံယှဉ်ထိုက်သည့် သာဓကများဖော်ပြခြင်းအားဖြင့် လည်းကောင်း၊ (၃)မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ သက်ရောက်မှုနှင့်အားသာချက်များကို ဆန်းစစ်လေ့လာခြင်းအားဖြင့် လည်းကောင်း၊ (၄) မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများရှာဖွေခြင်းအားဖြင့် လည်းကောင်း ဖော်ပြပါမည်။

### ၁.၁။ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် အဓိကကျသော အယူအဆများ

'မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း'အတွက် အားလုံးလက်ခံထားသော အဓိပ္ပာယ်သတ်မှတ်ချက်ဟူ၍ မရှိပါ။ သဘောတရားအားဖြင့် တရားဥပဒေဆိုင်ရာကိရိယာများ၊ တရားမျှတရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ယန္တရားများကို ချိတ်ဆက်စေခြင်းကို နည်းဗျူဟာတစ်ခုအနေဖြင့်အသုံးပြု၍ တရားစွဲဆိုသူများ၏ အကျိုးစီးပွားကို မြင့်မားစေရန်အတွက် ရည်ရွယ်ကာလုပ်ဆောင်သည့် တရားစွဲဆိုမှုတိုင်းသည် မဟာဗျူဟာမြောက်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း လက်ရှိတွင် ၎င်းနှင့်ပတ်သက်၍အမျိုးမျိုးသော စီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များကို 'အများပြည်သူ အကျိုးစီးပွားဆိုင်ရာ တရားစွဲဆိုမှု (Public Interest Litigation)' ၊ 'သက်ရောက်မှုအတွက် တရားစွဲဆိုမှု (Impact Litigation)' သို့မဟုတ် 'လူထုအတွက်ရှေ့ဆောင်ရပ်တည်ပေးမှု (Community Lawyering)' အဖြစ်လည်း ရည်ညွှန်းနိုင်ပါသည်။ ၎င်းတို့အားလုံးတွင် တူညီသောအချက်မှာ ပိုမိုကျယ်ပြန့်သော လူမှုရေးပြောင်းလဲမှုတစ်ရပ် ဖော်ဆောင်ရေး လှုပ်ရှားမှုတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တရားရုံးများနှင့်ဥပဒေကို အသုံးပြုနိုင်သည်ဟူသော အယူအဆဖြစ်သည်။

> "အများပြည်သူ အကျိုးစီးပွားဆိုင်ရာ တရားစွဲဆိုမှုဆိုသည်မှာ အများပြည်သူ သို့မဟုတ် လူထုအတန်းအစားတစ်ရပ်က ငွေကြေးအကျိုးစီးပွား သို့မဟုတ် ၎င်းတို့၏ ဥပဒေဆိုင်ရာ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများအပေါ် သက်ရောက်မှုကြောင့် အချို့သောအကျိုးစီးပွားပါဝင်သော အများပြည်သူအကျိုးစီးပွား သို့မဟုတ် အထွေထွေအကျိုးစီးပွားကို အသက်သွင်းရန်အတွက် တရားရုံးတစ်ခုတွင် စတင်ပြုလုပ်သော ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ် ဖြစ်သည်။" *Black's Law Dictionary (7th edition) 1229, 1990*

အရေးကြီးသည့်အချက်မှာ တရားစွဲဆိုခြင်းအား နစ်နာသူ(အမှုသည်)တစ်ဦး သို့မဟုတ် နစ်နာသူများအုပ်စု၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် လူမှုရေးပြောင်းလဲမှုနှင့် တရားမျှတမှုကို တောင်းဆိုရန်အတွက် စည်းရုံးလှုံ့ဆော်ရေးမဟာဗျူဟာတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ဤစည်းရုံးလှုံ့ဆော်ရေးမဟာဗျူဟာတွင် အရပ်ဘက်လူ့အဖွဲ့အစည်း၊ မီဒီယာတို့နှင့် ထိတွေ့ဆက်ဆံမှုလည်း ပါဝင်ပြီး များသောအားဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)က ပံ့ပိုးဆောင်ရွက်ကြပါသည်။

"တရားစွဲဆိုခြင်းဆိုသည်မှာ အမှုကိစ္စများကိုတရားရုံးသို့ တင်သွင်းခြင်းဖြစ်သည်။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းသည် ဂရုတစိုက်ရွေးချယ်ထားသော အမှုများကို တရားရုံးသို့ တင်သွင်းခြင်းအားဖြင့် ဥပဒေ၊ ကျင့်သုံးဆောင်ရွက်မှု သို့မဟုတ် အများပြည်သူသိရှိနားလည်မှုနှင့်ပတ်သက်၍ ကြီးမားသောအပြောင်းအလဲများဖော်ဆောင်နိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုမှုတွင်ပါဝင်သော အမှုသည်များသည် အခြားသူအများအပြား ခံစားကြရသော[မတရားမှုများ]၏ နစ်နာသူများ ဖြစ်ကြပါသည်။ ဤနည်းလမ်းဖြင့် မဟာဗျူဟာမြောက်တရားစွဲဆိုမှုသည် လူမှုရေးအပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာစေရန်အလို့ငှာ အမှုတစ်ခုအပေါ် ဦးတည်ပြီး တရားစွဲသည့် အမှုဖြစ်ပါသည်။"[1]

1 Mental Disability Advocacy Centre: http://mdac.info/en/what-wedo/strategic_litigation

သို့သော် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် အနိုင်အရှုံးသည် အဓိကမဟုတ်ပါ။ မဟာဗျူဟာမြောက် တရားစွဲဆိုရာတွင် နစ်နာသူများ(အမှုသည်များ)အတွက် တရားမျှတမှုကို ပြန်လည်ဖြစ်စေခြင်းနှင့် ပြန်လည်ကုစားပေး ခြင်းကို ရှာဖွေပေးသော်လည်း ၎င်း၏ မဟာဗျူဟာအရ ပိုမိုကျယ်ပြန့်သော လူမှုရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် အခွင့် အရေးဆိုင်ရာ ကိစ္စရပ်များကို ဦးတည်သဖြင့်ထိုသို့တရားစွဲဆိုခြင်းကို စည်းရုံးလှုံ့ဆော် ရေးနည်းလမ်းတစ်ရပ်အဖြစ်လည်း အသုံးပြုကြပါသည်။ တရားစွဲဆိုမှု ရှုံးနိမ့်ခဲ့သည့်တိုင် အခြားသောရည်မှန်းချက်များ ပြည့်မီနိုင်ပါသည်။

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် များသောအားဖြင့် ဥပဒေနှင့်မူဝါဒတိုးတက်ပြောင်းလဲမှုအပေါ် အပြု သဘောဆောင်သည့် ပိုမိုကျယ်ပြန့်သော သက်ရောက်မှုရှိစေရန် အသုံးပြုသော 'စမ်းသပ်အမှုများ' အပေါ် အခြေခံလေ့ ရှိပါသည်။ 'စမ်းသပ်အမှုများ' ကို ရွေးချယ်ရာတွင် ရည်ရွယ်ထားသည့် အကျိုးရလဒ်ကို ကျယ်ပြန့်စွာရရှိနိုင်ခြေရှိသည့် အခြေအနေများတွင် လူ့အဖွဲ့အစည်းအတော်များများတွင် ကြုံတွေ့နေရသောကိစ္စရပ်များကို ထင်ဟပ်စေနိုင်သည့် ပြဿနာများ ပါဝင်အောင်ဂရုပြု၍ မဟာဗျူဟာမြောက်စွာ ရွေးချယ်ပါသည်။ သို့သော်လည်း သက်ဆိုင်ရာကျူးလွန်ခံရ သူများ၏ အကျိုးစီးပွားကို လျစ်လျူရှုသည်ဟု မဆိုလိုဘဲ ၎င်းတို့အား လူမှုရေးအပြောင်းအလဲအတွက် ပိုမိုကြီးမားသော လှုပ်ရှားမှုတွင် ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ရည်ရွယ်ချက်များကို ဂရုတစိုက်သတ်မှတ်ခြင်းနှင့် အမှုများကို ဂရုတစိုက်ရွေးချယ်ခြင်းကြောင့် "မဟာဗျူဟာမြောက်" တရားစွဲဆိုမှုဟု ခေါ်ဆိုခြင်းဖြစ်သည်။ အာဏာ မညီမျှမှုများကို ဖြေရှင်းရန်၊ အခွင့်အရေးများနှင့်ပတ်သက်၍ အသိအမြင်တိုးမြှင့်ရန်နှင့် လူထုကို စွမ်းရည်မြှင့်တင်ရန် အမှုများကို မဟာဗျူဟာမြောက်စွာ ရွေးချယ်ပါသည်။ ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် လူမှုရေးပြောင်းလဲ မှုကိုပံ့ပိုးရန် အဆိုပါ 'စမ်းသပ်အမှုများ'ကို အသုံးပြုကြသဖြင့် ၎င်းတို့ကိုယ်တိုင် လူမှုရေးတရားမျှတမှု လှုံ့ဆော်သူများ ဖြစ်လာကြပါသည်။ အိန္ဒိယနိုင်ငံမှ ရှေ့နေတစ်ဦးဖြစ်သော Colin Gonsalves က အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါသည်-

> "ရှေ့နေတစ်ယောက်ရဲ့အခန်းကဏ္ဍက ဘာလဲ။ ရှေ့နေရဲ့ အခန်းကဏ္ဍက လူထုလှုပ်ရှားမှုများအတွက် ထိရောက်သောလှုံ့ဆော်သူတစ်ဦး ဖြစ်လာဖို့ပါ။ သွေးဆူခါနီးအခြေအနေမှာ ရှေ့နေရဲ့ အခန်းကဏ္ဍက အဲ့သွေး ကို ဆူသွားအောင်လုပ်ဖို့ပဲ"[2]

အမှုတစ်ခုသည် ရပ်ရွာအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့် သို့မဟုတ် နိုင်ငံတော်အဆင့်ရှိ ပြဿနာတစ်ခုကို ကိုယ်စားပြုသောအခါ တရားစွဲဆိုမှုသည် သင်္ကေတ/လက္ခဏာတစ်ခုကို ဆောင်ကြဉ်းသည့်သဘောဖြစ်နိုင်ပါသည်။ သင်္ကေတဖြစ်သော အမှုတစ်ခုတွင် ရရှိသည့် ကောင်းမွန်သောရလဒ်သည် သာဓကတစ်ခု ဖြစ်လာစေမည် သို့မဟုတ် ပိုမိုကျယ်ပြန့်သော လူထုနှင့်သက်ဆိုင်သည့်ဥပဒေကို ရှင်းလင်းစွာ အဓိပ္ပာယ်သတ်မှတ်ပေးပါမည်။ လူ့အဖွဲ့အစည်း တစ်ခုလုံးအပေါ် ထိခိုက်နစ်နာစေသော တရားရေးစနစ်အတွင်းရှိဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်း လွဲမှားကျင့်သုံးခြင်း ကို သတိထားမိစေရန်နှင့် ပြောင်းလဲရန် ကြိုးပမ်းသည့်အနေဖြင့် မဟာဗျူဟာမြောက် တရားစွဲဆိုမှုသည် တူညီသော ပြဿနာကို ကိုင်တွယ်ဖြေရှင်းသည့် အမှုပေါင်းများစွာ အတွဲလိုက်လည်း ဖြစ်နိုင်ပါသည်

## ၁.၂။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ ပေါ်ပေါက်လာပုံဇစ်မြစ်နှင့် တိုးတက်ပြောင်းလဲလာပုံ

တရားစီရင်ရေးစနစ်များ ရှိနေသမျှကာလပတ်လုံး မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း ပုံစံအမျိုးမျိုးရှိနေပါ သည်။ သို့သော်လည်း မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကို စနစ်ကျကျ စတင်ကျင့်သုံးလာသည်မှာ အမေရိကန် ပြည်ထောင်စုတွင် ခွဲခြားဆက်ဆံမှုနှင့် သီးသန့်ခွဲထုတ်ခြင်းကို စိန်ခေါ်ခဲ့ကြသည့် နိုင်ငံသားအခွင့်အရေးဆိုင်ရာလှုပ်ရှား မှု (Civil Rights Movement)အတွင်း အထူးသဖြင့် ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ်တွင် ပေါ်ပေါက်လာခဲ့ပါသည်။ ၎င်းလှုပ်ရှားမှု ကြောင့် ကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုတစ်ရပ်ဖြစ်သော မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏စွမ်းအားကို ပြသ နိုင်ခဲ့သည့် အရေးပါသော ဥပဒေဆိုင်ရာဆုံးဖြတ်ချက်များ ထွက်ရှိလာခဲ့ပါသည်။ ထိုစဉ်ကတည်းက ၁၉၉၀-၂၀၀၀ ခုနှစ် များတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကို တောင်အာဖရိကနိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင်တို့တွင် ကျယ်ကျယ်ပြန့် ပြန့် အသုံးချလာခဲ့ကြပါသည်။

2 "Strategic Litigation Impacts: Global Narratives about Social Change," October 26, 2015, Open Society Foundations, New York, https://www.opensocietyfoundations.org/events/strategic-litigation-impacts-global-narratives-about-social-change.

**သမိုင်းမှ အရေးပါသော သာဓကများ**

မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ သမိုင်းတွင်အရေးပါသောအမှုများ၌ အမေရိကန်ပြည်ထောင်စုတွင် လူမျိုးရေးခွဲခြားမှုကို တွန်းလှန်တိုက်ဖျက်ရေးလှုပ်ရှားမှုများ ပါဝင်ခဲ့ပါသည်။ မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် ပညာရေးတွင် သီးသန့်ခွဲထုတ်ခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌ တရားစွဲဆိုခြင်းမှတစ်ဆင့် လူမည်းအမေရိကန်လူမျိုးများအပေါ် လူမျိုးရေးခွဲခြားသောမူဝါဒများကို ပစ်မှတ်ထားခဲ့ကြပါသည်။ ပညာရေးနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးတွင်ကျင့်သုံးနေကြသော တရားဝင်လူမျိုးရေးခွဲခြားမှုကို တရားမဝင်ဖြစ်စေသော တရားလွှတ်တော်စီရင်ထုံးတစ်ခု ထွက်ပေါ်လာစေသည့် ***Brown v. Board of Education*** အမှုကို ရှေ့နေများက ဂရုတစိုက် ရွေးချယ်ခဲ့ကြပါသည်။ ထိုစဉ်ကတည်းက အခြားအခွင့်မသာသောအုပ်စုများအတွက် ပိုမိုကောင်းမွန်သော အကာအကွယ်ရရှိအောင်ကြိုးပမ်းရာတွင် အမှုပေါင်းများစွာသည် ထိုအမှုကို အနီးကပ်အတုယူခဲ့ကြပါသည်။ ထိုအမှု၏သက်ရောက်မှုကို ပညာရေးလက်လှမ်းမီရရှိမှုထက် ကျော်လွန်၍ခံစားခဲ့ရပြီး လူမည်းအမေရိကန်လူမျိုးများအတွက် ဥပဒေအရ တန်းတူညီမျှသောအခွင့်အရေးများရရှိရေးဟူသောပိုမိုကျယ်ပြန့်သည့်ကိစ္စရပ်အပေါ် မီးမောင်းထိုးပြသလိုဖြေရှင်းပေးမည့်ဘက်သို့လည်း ဦးတည်စေပါ သည်။

မဟာဗျူဟာမြောက်တရားစွဲဆိုမှုအတွက် နောက်ထပ်သင်္ကေတဖြစ်သောလှုပ်ရှားမှုတစ်ခုမှာ တောင်အာဖရိကနိုင်ငံမှဖြစ်ပါသည်။ ၂၀၀၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အသားအရောင်ခွဲခြားမှုစနစ် **(Apartheid Regime)** အလွန် ***Grootboom and Others*** အမှု၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အစိုးရမူဝါဒကို ပြန်လည်သုံးသပ်ခဲ့ပြီး ပြည်သူအားလုံးအတွက် နေထိုင်စရာရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးကို အသိအမှတ်ပြုပေးခဲ့သည့်အပြင် တောင်အာဖရိကနှင့် အခြားနိုင်ငံများရှိ တရားရုံးများတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့်ပတ်သက်၍ နောက်ပိုင်းတောင်းဆိုမှုများအတွက် အုတ်မြစ်ချပေးနိုင်ခဲ့ပါသည်။[3] ထို့ပြင် တရားစီရင်ရေးအဖွဲ့သည် လူ့အဖွဲ့အစည်းအတွင်းတွင် ဖြစ်ပေါ်လေ့ရှိသောပြဿနာရပ်များကိုဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထည့်သွင်းစဉ်းစား၍ မူဝါဒကို အပြုသဘောဆောင်သောနည်းလမ်းဖြင့် အဓိပ္ပာယ်ကောက်ယူနိုင်ကြောင်း ဤအမှုက ပြသခဲ့ပြီး အစိုးရအဖွဲ့များကိုလည်း ပို၍တာဝန်ခံမှုရှိစေရန် တွန်းအားပေးပါသည်။

၂၀၀၁ခုနှစ်၌ ***People's Union for Civil Liberties v. Union of India*** အမှုတွင် အိန္ဒိယနိုင်ငံ၏ တရားလွှတ်တော်ချုပ်စီရင်ထုံးကြောင့် အစိုးရအနေဖြင့် အစားအသောက်ရရှိခွင့်ကိုဖြည့်ဆည်းရန် တာဝန်ဝတ္တရားရှိကြောင်း တရားရုံးက အသိအမှတ်ပြုပြီးနောက် မူဝါဒအသစ်များပေါ် ပေါက်လာခဲ့ပါသည်။[4] ဤအရေးပါသောအမှုသည် ငတ်မွတ်ခေါင်းပါးမှုနှင့် အစာရေစာရှားပါးမှုကို လက်ဦးမှုရယူတိုက်ဖျက်ရန် အစိုးရအားတွန်းအားပေးလျက် အသက်ရှင်သန်ပိုင်ခွင့်အတွက် အပြုသဘောဆောင်သော အဓိပ္ပာယ်ကောက်ယူမှု ဖြစ်ပေါ် လာစေခဲ့ပါသည်။ ထို့ပြင် ထိုရလဒ်၏အကျိုးကို တိုက်ရိုက်ခံစားရသည့် သန်းနှင့်ချီသော ပြည်သူများနှင့်ပြုလုပ်သော အစားအစာရရှိခွင့်နှင့်ပတ်သက်သော နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ခုကိုလည်း အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

အဆိုပါအမှုများသည် သန်းပေါင်းများစွာသော ပြည်သူများ၏ ဘဝများနှင့် ၎င်းတို့၏ နေထိုင်စရာ၊ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ တရားဝင်ရရှိခွင့်ကို ပြောင်းလဲပေးခဲ့ပါသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအမှုများကို နိုင်ငံပေါင်းများစွာတွင် ပြုလုပ်ခဲ့ပြီးဖြစ်ကာ အာဂျင်တီးနားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ချီလီနိုင်ငံ၊ အစ္စရေး/ပါလစ္စတိုင်းနိုင်ငံနှင့် တူနီးရှားနိုင်ငံအစရှိသော ပဋိပက္ခများမှ ကူးပြောင်းနေသော သို့မဟုတ် ဖိနှိပ်မှု

3 Constitutional Court, South Africa, Government of the Republic of South Africa and Others v Grootboom and Others, 2000 (11) BCLR 1169 (CC) (establishing the Reasonableness Standard).

4 People's Union for Civil Liberties v. Union of India & Ors, In the Supreme Court of India, Civil Original Jurisdiction, Writ Petition (Civil) No.196 of 2001။ သုံးသပ်မှုကို https://www.escr-net.org/caselaw/2006/peoples-union-civil-liberties-v-union-india-ors-supreme-court-india-civil-original တွင် ကြည့်ပါ။

ရှိသောနိုင်ငံများလည်းအပါအဝင် ဖြစ်ပြီး ထိုနိုင်ငံများတွင် ရှေ့နေများနှင့် တရားရုံးများသည် တရားဥပဒေစိုးမိုးမှု တည်ဆောက်ရာတွင် ပံ့ပိုးကူညီခဲ့ကြပါသည်။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းသည် ရှေ့နေများနှင့် တရားသူကြီးများအတွက် ၎င်းတို့၏လွတ်လပ်မှုကို စမ်းသပ်ရန်နှင့်ပြသရန် တရားခွင်များ ဖန်တီးပေးခြင်းအပါအဝင်နည်းလမ်းများဖြင့် တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုကို ဖော်ဆောင်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုနိုင်ပါသည်။

အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ရန် အသုံးပြုလေ့ရှိသော မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းအား လူ့အဖွဲ့အစည်းအတွက် အရေးကြီးသောမည်သည့်ကိစ္စရပ်ကိုမဆို ကိုင်တွယ်ရာတွင် အသုံးပြုနိုင်ပါသည်။ အသုံးပြုလေ့ရှိသောကိစ္စရပ်များမှာ ခွဲခြားဆက်ဆံခံရသောလူထုများအတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ မြေနှင့်သဘာဝသယံဇာတရရှိရေး သို့မဟုတ် အဂတိလိုက်စားမှုဖြေရှင်းရေးတို့ ဖြစ်ကြသည်။ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ဆောင်ချက်များသည် ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်နေသောအခါ ၎င်းတို့အားဆန့်ကျင်သော လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်း မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအား အသုံးပြုနိုင်ပါသည်။

**လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ နမူနာအမှုများ -**

မလေးရှားနိုင်ငံတွင် ၎င်းတို့၏ မိရိုးဖလာလုပ်ကိုင်လာခဲ့သော ကိုယ်ပိုင်မြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းအတွက် ကျော်နင်းမှုဖြင့် တရားစွဲဆိုခံရသော ဒေသခံပြည်သူများအား ခုခံကာကွယ်ပေးရန်အတွက် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကို အသုံးပြုခဲ့ပါသည်။ ကျော်နင်းမှုမှတစ်ဆင့် တရားစွဲဆိုမှုကို အသုံးပြု၍ ဒေသခံပြည်သူများ၏ မိရိုးဖလာ မြေပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုစေသော အမှုအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပါသည်။[5]

အမှုများသည် နိုင်ငံအတွင်းရှိ နိုင်ငံခြားကုမ္ပဏီများကိုလည်း ပစ်မှတ်ထားနိုင်ပါသည်။ ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် နေထိုင်သူများအုပ်စုတစ်စုက အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်တရားရုံးတွင် **Unocal** အပေါ် တရားစွဲဆိုခဲ့ကြပါသည်။ တရားလိုများက ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်စဉ်အတွင်း မြန်မာစစ်တပ်၏ လက်ထဲတွင် ၎င်းတို့သည် အတင်းအဓမ္မ အလုပ်ခိုင်းစေမှု၊ လူသတ်မှု၊ မုဒိမ်းမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုအစရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ရကြောင်း နှင့် **Unocal** သည် အဆိုပါချိုးဖောက်မှုများတွင် ကြံရာပါဖြစ်ကြောင်း စွပ်စွဲခဲ့ပါသည်။ **Unocal** နှင့် မြန်မာစစ်အစိုးရတို့သည် အဆိုပါပိုက်လိုင်းတည်ဆောက်ခြင်းအတွက် လုပ်ငန်းစုကြီးတစ်ခုတွင် အတူတကွ ပါဝင်ခဲ့ကြပါသည်။ အမှုတွင်ပါဝင်သူများက တရားရုံးတွင်ပြေငြိမ်းအောင်ဖြေရှင်းနိုင်ခဲ့ကြပြီး **Unocal** က တရားလိုများကို လျော်ကြေးပေးရန်နှင့် ပိုက်လိုင်းတစ်လျှောက် ဒေသများမှ ပြည်သူများ၏ နေထိုင်မှုအခြေအနေများကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ရန် မြန်မာနိုင်ငံရှိ အစီအစဉ်များအတွက် ငွေကြေးများပံ့ပိုးရန် သဘောတူညီခဲ့ပါသည် (ပြေငြိမ်းမှု၏ သတ်မှတ်ချက်အတိအကျများကို လျှို့ဝှက်ထားပါသည်)။ ဤပြေငြိမ်းမှုကို တရားရုံးက လက်ခံခဲ့ပြီး ၂၀၀၅ခုနှစ်၊ ဧပြီလ၊ ၁၃ ရက်နေ့တွင် အမှုကို ပိတ်ခဲ့ပါသည်။[6]

ကိုလံဘီယာနိုင်ငံတွင် ၂၀၀၂ခုနှစ်၌ ဓာတ်ဆီဆိုင်တစ်ခုတွင် အလုပ်လုပ်နေခဲ့သော အလုပ်သမားသမဂ္ဂဝင်တစ်ဦးအား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ပြန်ပေးဆွဲခဲ့ပါသည်။ ၎င်းအား တွင်းတစ်တွင်းထဲတွင် ဖမ်းဆီးထားပြီး ၆ ပတ်ကျော်ကြာအောင် ညှဉ်းပန်းနှိပ်စက်ခဲ့ပါသည်။ တရားလိုက ပိုက်လိုင်းအား ပြောက်ကျားတိုက်ခိုက်မှုများမှ ကာကွယ်ရန် အဆိုပါလက်နက်ကိုင် တပ်ဖွဲ့များကို (BP ၏ လက်အောက်ခံကုမ္ပဏီ BPXC နှင့် Ecopetrol တို့အကြား ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သော) Ocensa က လခပေးထားသည်ဟု စွပ်စွဲပြီး Ocensa သည် ၎င်းတို့အား ပြန်ပေးဆွဲရန်စေခိုင်းခဲ့သည်ဟု ပြောဆို၍ အမေရိကန်ပြည်ထောင်စုတွင် British Petro-

5 Andawan bin Ansapi and Ors v PP (Kota Kinabalu High Court Criminal Appeal K41-128-2010, 4 March 2010) ကို ကြည့်ပါ။

6 UNOCAL အမှုနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Business and Human Rights Resource Centre, Unocal Lawsuit ကို ကြည့်ပါ။ https://www.business-humanrights.org/en/unocal-lawsuit-re-myanmar တွင် ကြည့်နိုင်သည်။

leum(BP) ကုမ္ပဏီကို တရားစွဲဆိုခဲ့ သည့်အပြင် ယူကေတွင်လည်း တရားစွဲဆိုမှုများ စတင်ပြုလုပ်ခဲ့ပါသည်။ BP က အဆိုပါစွပ်စွဲချက်များကို ငြင်းပယ် ခဲ့ပါသည်။[7]

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ဇမ်ဘီယာမှ ရွာသားပေါင်း ၁၈၂၆ ဦးက **Vedanta Resources** ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုကဆောင်ရွက်သော ကြေးနီတူးဖော်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် ရေညစ်ညမ်းမှုနှင့်ပတ်သက်၍ ထိုကုမ္ပဏီအား တရားစွဲခဲ့ကြပါသည်။ ရွာသားများက Nchanga ကြေးနီတွင်းကြောင့် ရေညစ်ညမ်းမှုသည် ၎င်းတို့၏မြေယာများနှင့် အသက်မွေးဝမ်းကြောင်းမှုများကို ထိခိုက်ကြောင်းဆိုပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ၊ ၂၇ ရက်တွင် အင်္ဂလိပ်တရားလွှတ်တော်မှ တရားသူကြီးတစ်ဦးသည် **Vedanta Resources** အပေါ် တရားစွဲဆိုမှုအား ဆက်လက်ဆောင်ရွက်စေရန် ဆုံးဖြတ်ခဲ့ပါသည်။ ဇူလိုင်လတွင် ကုမ္ပဏီများက အယူခံဝင်၍ အင်္ဂလိပ်တရားရုံးများ၏ စီရင်ပိုင်ခွင့်ကို စိန်ခေါ်မေးခွန်းထုတ်ခဲ့ပါသည်။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ၊ ၁၃ ရက်နေ့တွင် အယူခံတရားရုံးက ကုမ္ပဏီများ၏အယူခံကို ပယ်ချခဲ့ပြီး ရွာသားများအား ၎င်းတို့၏တောင်းဆိုမှုများကို ယူကေတွင် ဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ မတ်လတွင် ကုမ္ပဏီများအား အယူခံဝင်ခွင့်ပေးခဲ့ပြီး စီရင်ပိုင်ခွင့်ကို သတ်မှတ်ပေးမည့် တရားလွှတ်တော်ချုပ်၏ ကြားနာမှုကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၁၅ နှင့် ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ကြပါသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ၊ ၁၀ ရက်နေ့တွင် တရားလွှတ်တော်ချုပ်က **Vedanta Resources** အပေါ် စွဲဆိုထားသော ဇမ်ဘီယာရွာသားများ၏အမှုကို အင်္ဂလိပ်တရားရုံးများတွင် ကြားနာစစ်ဆေးနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ အခြားသောအကြောင်းအရင်းများအပြင် ရွာသားများကို ဇမ်ဘီယာတရားရုံးများတွင် တရားမျှတမှု မရရှိနိုင်သောကြောင့် အင်္ဂလိပ်တရားရုံးများက ထိုအမှုကိုကြားနာစစ်ဆေးရန် သဘောတူခဲ့ကြပါသည်။[8]

## ၁.၃။ ဖြစ်လာနိုင်သောသက်ရောက်မှု

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းဆိုသည်မှာ တရားရုံး၌ဥပဒေဆိုင်ရာ လျှောက်လဲချက်များတွင် အနိုင်ရရှိခြင်း သက်သက်မဟုတ်ဘဲ အများပြည်သူကို အသိအမြင်ပေးခြင်း၊ အများပြည်သူဆိုင်ရာငြင်းခုံဆွေးနွေးမှုကို အားပေးခြင်း၊ အရေးကြီးသောသာကေများ ပေါ်ပေါက်လာစေခြင်း၊ အလားတူဖြစ်ရပ်များတွင် ပြည်သူများအတွက် အပြောင်းအလဲဖြစ်ပေါ်စေခြင်းနှင့် မူဝါဒအပြောင်းအလဲများ အစပျိုးပေးနိုင်ခြင်းတို့လည်း ပါဝင်ပါသည်။ ထိုသို့သောသက်ရောက်မှုများ ဖြစ်ပေါ်လာစေရန် ပြဿနာတစ်ခု၊ ကဏ္ဍတစ်ရပ် သို့မဟုတ် လူအုပ်စုတစ်စုအား မီးမောင်းထိုးပြနိုင်အောင် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မီဒီယာ၏အာရုံစိုက်မှုရယူခြင်းတို့ ပြုလုပ်ရပါသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် အနည်းဆုံး အောက်ပါသက်ရောက်မှုသုံးမျိုးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်ပေါ်စေနိုင်ပါသည် -

(၁) လျော်ကြေးပေးခြင်း၊ မြေယာအခွင့်အရေးများ သို့မဟုတ် ကျူးလွန်သူများကို တရားစွဲဆိုခြင်းများမှတစ်ဆင့် တစ်ဦးချင်းအမှုသည်များနှင့် ရပ်ရွာလူထုများအတွက် ရပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများ၊

(၂) တရားရုံး၏ ဆင်ခြင်သုံးသပ်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ သို့မဟုတ် ဥပဒေချမှတ်ကျင့်သုံးခြင်း သို့မဟုတ် အင်စတီကျူးရှင်းဆိုင်ရာ အပြောင်းအလဲများမှတစ်ဆင့် မူဝါဒဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ဥပဒေပညာဆိုင်ရာနှင့် အင်စတီ ကျူးရှင်းဆိုင်ရာ အပြောင်းအလဲများနှင့်

7 BP lawsuits (re Casanare, Colombia)ကိုကြည့်ပါ။ အချက်အလက်များ https://www.business-humanrights.org/en/bp-lawsuits-re-casanare-colombia တွင်ရှိပါသည်။

8 Vedanta တရားစီရင်ခြင်းနှင့် မြန်မာနိုင်ငံအပေါ် ဖြစ်လာနိုင်သော ၎င်း၏ သက်ရောက်မှုနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Aguirre, The Vedanta Appeal, Corporate Liability and Access to Justice: Relevance for Myanmar? (Business and Human Rights in Burma) ကို ကြည့်ပါ။ https://businesshumanrightsburma.wordpress.com/2019/01/19/vedanta-corporate-liability-and-questions-for-myanmar/ တွင် ကြည့်နိုင်သည်။

(၃) အစိုးရ၏သဘောထားနှင့် ပြုမူဆောင်ရွက်ပုံ အပြောင်းအလဲများ၊ အခွင့်အရေးများကို ပိုမိုသိရှိနားလည်လာခြင်း၊ လုပ်နိုင်စွမ်းရှိသည်ဟု ခံစားလာရမှုနှင့် တရားဥပဒေစိုးမိုးမှုအား နားလည်လာမှုတို့ကြောင့် အများပြည်သူဆွေးနွေး ပြောဆိုမှု အပြောင်းအလဲများ။[9]

**မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါတို့ဖြစ်နိုင်ပါသည် -**

- တရားရုံးများအား ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းလင်းပေးစေခြင်းအားဖြင့် ဥပဒေ၏ အကျုံးဝင်သက်ရောက်မှုကို တရားစီရင်ရေးတွင် ရှင်းလင်းမှုရယူခြင်း၊
- ဥပဒေဆိုင်ရာ စီရင်ထုံးသာဓကများ ဖန်တီးရန်နှင့် အခြားသူများအား ၎င်းတို့၏အခွင့်အရေးများကို ပိုမိုယုံကြည်မှုရှိစွာဖြင့် တောင်းဆိုနိုင်စေရန်၊
- ဥပဒေဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအပြောင်းအလဲအတွက် ပိုမိုကျယ်ပြန့်သောလှုပ်ရှားမှု၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် မကောင်းသောမူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်းကို မီးမောင်းထိုးပြရန် (တရားရုံးတွင် ထိုအမှု ရှုံးနိမ့်ခဲ့သည့်တိုင်အောင် ထိုရည်ရွယ်ချက် အောင်မြင်နိုင်ပါသည်)၊
- ဥပဒေနှင့် အစိုးရမူဝါဒကို ပြောင်းလဲရန် (တရားရုံးတွင် ထိုအမှုရှုံးနိမ့်ခဲ့လျှင်တောင် ဤရည်ရွယ်ချက် အောင်မြင်နိုင်ပါသည်)၊

မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းအောင်မြင်မှုသည် ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများ၏ လုပ်ဆောင်မှုများထက် ပိုမိုပါသည်။ ရှေ့နေများသည် လူမှုရေးပြောင်းလဲမှုတစ်ရပ်ကို အထောက်အကူပြုသော ကွန်ရက် သို့မဟုတ် ညွန့်ပေါင်းအဖွဲ့တစ်ခုအနေဖြင့် အများပြည်သူအကျိုးစီးပွား၊ ထောက်ခံအားပေးမှုနှင့် စည်းရုံးလှုံ့ဆော်မှုတို့ ပေါင်းစပ်ထားသော ပိုမိုကျယ်ပြန့်သည့် လှုပ်ရှားမှု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ်ပါဝင်လာပါက တရားစွဲဆိုမှုသည် အကောင်းဆုံးရလဒ်များကို ရရှိကြောင်း ရံဖန်ရံခါ တွေ့ရှိရပါသည်။ အမှုသည်များ၊ လူထု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စုံစမ်းစစ်ဆေးရေးသတင်းထောက်များ၊ လူ့အခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်သူများနှင့် ဒေသတွင်းရှိလုပ်ဆောင်နိုင်စွမ်းရှိသော တရားစွဲဆိုသူများအကြား ကွန်ရက်များတည်ဆောက်ခြင်းသည် အရေးပါသောရလဒ်များ ဖြစ်ပေါ်လာနိုင်ခြေရှိသည့်အမှုများကို ရွေးချယ်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့် ပထမအဆင့်ဖြစ်သည်။ လူမှုကွန်ရက်အပါအဝင် မီဒီယာ၏အခန်းကဏ္ဍသည်အမှု၏ အရေးပါပုံနှင့် လူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် ပြည်သူအများနှင့် သက်ဆိုင်ပုံကို အများပြည်သူအားအသိပေးရာတွင်သာမက လူအများသိရှိလာခြင်းမှတစ်ဆင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၏ ထင်သာမြင်သာရှိမှုကို မြှင့်တင်ပေးရာတွင်လည်း မရှိမဖြစ်သော အခန်းကဏ္ဍမှ ပါဝင်သောကြောင့် အရေးကြီးပါသည်။

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းမှတစ်ဆင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအပေါ် မတူညီသောသက်ရောက်မှု မျိုးစုံဖြစ်ပေါ် လာစေနိုင်ပါသည်။ တရားရုံး၌ လျှောက်လဲတင်ပြချက်တွင်အနိုင်ရခြင်း သို့မဟုတ် ရှုံးနိမ့်ခြင်းသာလျှင် မဟုတ်ဘဲ ဤမဟာဗျူဟာ၏ ရလဒ်များသည် တရားခွင်တွင်ဖြစ်ပွားသည့်ကိစ္စရပ်များထက် ကျော်လွန်ပါသည်။ အမှုတစ်မှုကို ရှုံးနိမ့်ခြင်းသော်လည်း လူမှုရေးပြောင်းလဲမှုဖြစ်ပေါ်စေခဲ့လျှင် ထိုအမှုသည် အကျိုးရှိပါသည်။ ထို့ကြောင့် အမှုများအား 'နိုင်ခြင်း' သို့မဟုတ် 'ရှုံးခြင်း' ဟူသော သမားရိုးကျ အတွေးအမြင်မျိုးထက် ကျော်လွန်၍ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းကို ချဉ်းကပ်သင့်ပါသည်။ တောင်အာဖရိကနိုင်ငံက ရှေ့နေတစ်ဦးက "တရားရေး အနိုင်ရရှိမှုများသည် နိုင်ငံရေးအရရုန်းကန်မှုများ၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ပြီး ၎င်းတို့တစ်ခုတည်းကြောင့် လိုလားသောအကျိုးများ ဖြစ်ပေါ် လာမည် သို့မဟုတ် အသက်ဝင်လာမည် မဟုတ်ပါ။ [တရားရုံး] ဆုံးဖြတ်ချက်များသည် တိုက်ပွဲတစ်ပွဲ၏ အစသာ

9 Open Society Justice Initiative, Strategic Litigation Impacts: Insights From Global Experience (Open Society Foundation, 2018). https://www.opensocietyfoundations.org/sites/default/files/strategic-litigation-impacts-insights-20181023.pdf တွင် ကြည့်နိုင်သည်။

ဖြစ်သည်။ အဆုံးမဟုတ်ပါ။" ဟုမှတ်ချက်ပြုခဲ့ပါသည်။[10]

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ဥပဒေအရတစ်ကြိမ်တည်း ကြားဖြတ်ဆောင်ရွက်ချက် သက်သက်သာမဟုတ်ဘဲ တရားစွဲဆိုခြင်းကိုယ်၌ကပင် အခြားသော စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၏ အခန်းကဏ္ဍတစ်ခုသာလျှင် ဖြစ်ပါသည်။ အောင်မြင်မှုရရှိစေရန် တရားစွဲဆိုမှုနှင့်လူမှုရေးလှုပ်ရှားမှုများသည် အပြန်အလှန် အထောက်အကူပြုသင့်ပါသည်။ တရားစွဲဆိုခြင်း လုပ်ငန်းစဉ်ကိုယ်၌ကပင် များသောအားဖြင့် ပြောဆိုခွင့် မရသောသူများနှင့် ဖယ်ကျင်ခံထားရသောသူများ၏ အပြောင်းအလဲနှင့် အားကောင်းလာမှုကြောင့် ဖြစ်ပေါ်လာသော တွန်းအားတစ်ခုဖြစ်သည်။ Open Society Justice Initiative က "မဟာဗျူဟာမြောက် လူ့အခွင့်အရေးဆိုင်ရာ တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်၊ ပြည့်ပြည့်စုံစုံဖြင့် **Stakeholder** ပေါင်းစုံပါဝင်သော မဟာဗျူဟာက ဥပဒေဆိုင်ရာ မဟာဗျူဟာတစ်ခုတည်းနှင့် နှိုင်းယှဉ်လျှင် ကောင်းမွန်သောသက်ရောက်မှုများ ဖြစ်ပေါ်လာစေရန်အတွက် နောက်ဆုံးတွင် ပို၍အဆုံးအဖြတ်ပေးနိုင်ပါသည်"ဟု မှတ်ချက်ပြုခဲ့ပါသည်။[11]

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် အခွင့်အရေးများနှင့် ပြန်လည်ကုစားမှုများကို ချိတ်ဆက်ပေးနိုင်သည့်အပြင် တရားမျှတမှုနှင့် မျှတသောတရားစီရင်မှုများကို ရရှိစေပြီး တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာမှုရှိရမည့် ဥပဒေစနစ်၏ တာဝန်ဝတ္တရားကိုလည်း ဖြစ်ပေါ်လာစေပါသည်။ ထိုသို့ဖြစ်လာစေရန် ရှေ့နေများအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြန်လည်ကုစားမှုရှာဖွေရန်၊ မျှတမှုမရှိသော တရားစီရင်မှုများကို စိန်ခေါ်မေးခွန်းထုတ်ရန်နှင့် ဥပဒေပြောင်းလဲ ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်အတူ တကွလုပ်ကိုင်ဆောင်ရွက်နေသော ရှေ့နေများအနေဖြင့် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းလှုပ်ရှားမှုများကို လက်တွေ့ကျင့်သုံးကာ အားနည်းချက်ရှိနေသော လုပ်ထုံးလုပ်နည်း၊ မူဝါဒနှင့်ဥပဒေကို စိန်ခေါ်မေးခွန်းထုတ်ခြင်းဖြင့် တရားရုံးများကို ၎င်းတို့၏တာဝန်ဝတ္တရားများကို သေချာစွာလုပ်ဆောင်စေနိုင်ပါသည်။ ထိုသို့မဟုတ်ပါက တရားရုံးများတွင်လွတ်လပ်မှု မရှိခြင်း၊ စွမ်းဆောင်ရည် အားရလောက်အောင်မရှိခြင်း၊ တရားမျှတမှုရရှိခွင့်နှင့် တာဝန်ခံမှုပေးရန် ပျက်ကွက်ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။

## ၁။၄။ တရားစွဲဆိုခြင်းက အကောင်းဆုံးနည်းလမ်းလား။

မြန်မာနိုင်ငံတွင် မဟာဗျူဟာကျတရားစွဲဆိုခြင်းလှုပ်ရှားမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကြီးမားသော အတားအဆီးများ (အပိုင်း ၄ တွင်ကြည့်ရန်) ရှိနေသောကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်း၊ ရှေ့နေများနှင့် ၎င်းတို့၏ အမှုသည်များအနေဖြင့် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် အကောင်းဆုံးနည်းလမ်း ဟုတ်၊ မဟုတ်ကို မဖြစ်မနေ စဉ်းစားရပါမည်။ ၎င်းတို့အနေဖြင့် ပိုမိုကျယ်ပြန့်သော လှုပ်ရှားမှုတွင် တရားစွဲဆိုခြင်း၏ အခန်းကဏ္ဍကို မေးခွန်းထုတ်သင့်သလို တရားစွဲဆိုခြင်းသည် ၎င်းတို့၏ ရေရှည်ရည်မှန်းချက်များကိုအောင်မြင်စေရန် အထောက်အကူပြုမည်၊ မပြုမည်လည်း မေးခွန်းထုတ်သင့်ပါသည်။ တရားစီရင်ရေးအဖွဲ့သည် လွတ်လပ်မှုမရှိသောကြောင့် တရားရုံးက တောင်းဆိုသူများကို ဆန့်ကျင်ဆုံးဖြတ်ခဲ့လျှင် လှုပ်ရှားမှု၏ရည်မှန်းချက်များ ပျက်စီးသွားမလား။ ဆိုသည့်မလိုလားအပ်သောရလဒ်များ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း ကြိုတင်မျှော်မှန်းထားရမည်။ ကိစ္စရပ်များစွာတွင် နိုင်ငံရေးအရစည်းရုံးလှုံ့ဆော်မှုက ပို၍ ထိရောက်မှုရှိသည့် အခြေအနေလည်း ဖြစ်နိုင်ပါသည်။ မဟာဗျူဟာ မြောက်တရားစွဲဆိုမှုကို ဆောင်ရွက်သူများအနေဖြင့် အမှုသည်များနှင့် လူထုအပေါ် သက်ရောက်မှုကိုလည်း ထည့်သွင်းစဉ်း စားရပါမည်။ ဥပဒေကြောင်းအရ ရေရှည်တိုက်ပွဲမဝင်ခင်တွင် အဓိကကျသောမေးခွန်းအချို့ကို ဆင်ခြင်သုံးသပ်သင့်ပါ သည်။[12] တရားစတင်မစွဲဆိုခင် အောက်ပါမေးခွန်းအချို့ကို စဉ်းစားသင့်ပါသည် -

10 R. Abel, *Politics by Other Means: Law in the Struggle against Apartheid*, 1980 – 1994 (1995), at 64.

11 Open Society Justice Initiative, Strategic Litigation Impacts: Insights from Global Experience (October 2018), p. 19 ၊ https://www.opensocietyfoundations.org/reports/strategic-litigation-impacts-insights-global-experience တွင် ကြည့်နိုင်သည်။

12 ဤမေးခွန်းများသည် Wilson, and Rasmussen, Promoting justice: A Practical Guide to Strategic Human Rights Lawyering, 2001, at 61-62; Geary, Children's Rights: A Guide to Strategic Litigation, 2009, at 8 အပါအဝင် ရင်းမြစ်များစွာအပေါ် အခြေခံထားသည်။

- သက်ဆိုင်ရာဥပဒေကိစ္စရပ်သည် လူအဖွဲ့အစည်းတစ်ခုလုံးတွင် ကြုံတွေ့ရသော ပိုမိုကျယ်ပြန့်သည့် ပြဿနာတစ်ခုကို ကိုယ်စားပြုခြင်း သို့မဟုတ် ထိုပြဿနာနှင့်ပတ်သက်ခြင်း ရှိပါသလား။
- တရားရုံးဆုံးဖြတ်ချက်တစ်ခုက ထိုပြဿနာကို ဖြေရှင်းပေးမည်လား။ သို့မဟုတ် ဤပြဿနာကို ဖြေရှင်းရန် တရားစွဲမည့်အစား ပို၍ကောင်းသောနည်းလမ်းရှိပါသလား။
- ထိုအမှု၏ ဖြစ်နိုင်ချေရှိသော အကျိုးသက်ရောက်မှုများ၊ ရည်ရွယ်ချက်များနှင့် အဓိကကိစ္စရပ်များကို သာမန်ပြည်သူလူထုက အလွယ်တကူ နားလည်နိုင်သလား။ အောင်မြင်မှုရရှိရန် ကြိုးပမ်းနေသော မဟာဗျူဟာမြောက် ရည်ရွယ်ချက်ကို အထောက်အကူဖြစ်အောင် အများပြည်သူလူထု၏ ထင်မြင်ချက်ကို လွှမ်းမိုးနိုင်ရန်အလို့ငှာ ထိုအမှုကို လူသိရှင်ကြားဖြစ်အောင် ဘယ်လိုလုပ်မလဲ။
- လူမှုရေး-နိုင်ငံရေး-စီးပွားရေးပတ်ဝန်းကျင်က အထောက်အပံ့ဖြစ်လား သို့မဟုတ် ထိရှလွယ်သောကိစ္စရပ်များနှင့် ဆုံးရှုံးနိုင်ခြေများရှိနေသလား။ ဆန့်ကျင်သူတွေက ဘယ်သူတွေဖြစ်မလဲနှင့် ၎င်းတို့၏ ဆန့်ကျင်မှုအတိုင်းအတာ ခန့်မှန်းခြေဘယ်လောက်ရှိမလဲ။ သူတို့ကို ထောက်ခံသူတွေက ဘယ်သူတွေလဲ။
- ထိုကိစ္စရပ်တွင် အခြားဘယ်သူတွေက အကျိုးစီးပွားပါဝင်နေသလဲနှင့် ထိုအကျိုးစီးပွားတွေက ဘာတွေလဲ။ ထိုကိစ္စကို ဝိုင်းဝန်းထောက်ခံမည့် ပိုမိုကြီးမားသော ညွန့်ပေါင်းအဖွဲ့ သို့မဟုတ် ကွန်ရက်တည်ဆောက်နိုင်သလား။
- အမှုသည်၏ အမှုတွင်အားသာချက်တွေနဲ့ အားနည်းချက်တွေက ဘာတွေလဲ။ ဆန့်ကျင်သူဘက်က အားသာချက်တွေနဲ့ အားနည်းချက်တွေက ဘာတွေလဲ။ ဥပဒေအရတောင်းဆိုမှုတွေက ဘာတွေလဲနှင့် ထိုတောင်းဆိုမှုတွေက စနစ်အတွင်းမှာရော အများပြည်သူ၏ အမြင်မှာပါ ဘယ်လောက်ထိ ခိုင်မာမှုရှိလဲ။
- တရားရုံးက အမှုများကို ကြားနာဖို့ရန် အမှီအခိုကင်းခြင်း၊ ဘက်မလိုက်ဘဲ သမာသမတ်ကျခြင်းနှင့် အရည်အသွေးပြည့်မီမှုများ ရှိပါသလား။ မရှိပါက ဤအမှုများကို အသုံးပြုခြင်းအားဖြင့် သီးသန့်တရားရုံး သို့မဟုတ် ပိုမိုကျယ်ပြန့်စွာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများ၏ အထက်ပါ စံနှုန်း၊ အရည်အသွေး လိုအပ်ချက်များကို ကောင်းမွန်လာစေရန် ပံ့ပိုးပေးနိုင်ပါသလား။
- တရားစွဲဆိုမှု အောင်မြင်ပါက ဘယ်လိုအကျိုးသက်ရောက်မှုရှိလာမလဲ။ တရားစွဲဆိုမှုမအောင်မြင်ခဲ့လျှင် မတူညီသောလူအုပ်စုများအပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိလာမလဲ။
- တရားရုံးက ထိုအမှုကို အပြုသဘောဆောင်နိုင်ဖွယ်ဘယ်လောက်ရှိလဲ။ တရားရုံးတွင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ နိုင်ငံရေးအရ ဘယ်လိုနောက်ဆက်တွဲတုံ့ပြန်မှုများ ရှိလာနိုင်သလဲ။ အမှုရှုံးခဲ့လျှင် သို့မဟုတ် ကြားဝင်တရားစွဲဆိုမှု မအောင်မြင်ခဲ့လျှင် မဟာဗျူဟာမြောက်ရည်မှန်းချက်အပေါ် အတားအဆီး ဖြစ်သွားနိုင်သလား/ ထိခိုက်သွားနိုင်သလား။
- ဥပဒေဆိုင်ရာ သီအိုရီ/လျှောက်လဲတင်ပြချက်သည် ရှင်းလင်းမှုနှင့် ရိုးရှင်းမှုရှိသလားနှင့် ပြန်လည်ကုစားမှုက အကောင်အထည်ဖော်ဖို့ လွယ်ကူသလား။

## ၁.၅။ တရားစွဲဆိုသည့်နေရာ ရွေးချယ်မှု - ပြည်တွင်းနှင့် နိုင်ငံတကာ

တရားစွဲဆိုသည့် တရားရုံးရွေးချယ်မှုသည်မဟာဗျူဟာ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းကို မည်သည့်အဆင့်တွင်မဆို ပြုလုပ်နိုင်ပြီး ပြည်ထောင်စုတရား လွှတ်တော်ချုပ်တွင်သာ ပြုလုပ်နိုင်သည်မဟုတ်သည့်အပြင် ပို၍နိမ့်သောတရားရုံးများတွင် နှင့်/သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ စီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း ပြုလုပ်နိုင်ပါသည်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သို့မဟုတ် တရားစီရင်ရေးသဏ္ဍာန်ဆောင်သော ယန္တရားများထံ လျှောက်ထားတင်ပြမှုများသည်လည်း

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်နိုင်ပြီး တရားရုံးများတွင်သော်လည်းကောင်း၊ အခြားသော ယန္တရားများထံ ဆက်သွယ်ပြောဆိုမှုများတွင်သော်လည်းကောင်း ရည်ညွှန်းကိုးကားနိုင်သော တရားဝင်တိုင်ကြားမှုမှတ်တမ်းများ ဖြစ်လာစေပါသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် နိုင်ငံတကာယန္တရားများလည်း ပါဝင်နိုင်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာဥပဒေလမ်းကြောင်းများသည် ကျူးလွန်မှုများအတွက် ဥပဒေအရ ပြန်လည်ကုစားမှုများ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာနိုင်အောင် တွန်းအားပေးနိုင်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၊ ပြည်တွင်းလွှတ်တော်မှကော်မတီတစ်ခု သို့မဟုတ် တရားစီရင်ရေးအဖွဲ့ကဲ့သို့ ဆောင်ရွက်သော ကုလသမဂ္ဂလက်အောက်တွင် ဖွဲ့စည်းထားသောအဖွဲ့များအစရှိသော အစိုးရတစ်ခုနှင့်တစ်ခုကြား စောင့်ကြည့်ရေးအဖွဲ့ များအပါအဝင် တရားစီရင်ရေး အဖွဲ့မဟုတ်သော ယန္တရားများအသုံးပြုခြင်းများပါဝင်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံက တရားစီရင်ပေးနိုင်စွမ်း သို့မဟုတ် တရားစီရင်ပေးလိုခြင်းမရှိသောအခါ အဆိုပါတရားစီရင်ရေးအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့များသည် ဒုတိယအဆင့် မတတ်သာသည့်အဆုံးအသုံးပြုရသည့် ယန္တရားများ ဖြစ်နိုင်ပါသည်။

## အပိုင်း ၂ - မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုနိုင်သည့် ဥပဒေနယ်ပယ်များ

မြန်မာနိုင်ငံတွင် ပိုမိုကျယ်ပြန့်သော လူမှုရေးကိစ္စရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းပေးနိုင်မည့် အလားအလာရှိသော ရှေ့နေများက အသုံးပြုနိုင်သည့် ဥပဒေနယ်ပယ်များစွာ ရှိပါသည်။ စိန်ခေါ်မှုများကို အသိအမှတ် ပြုရမည်ဖြစ်သော်လည်း ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် အရေးတကြီးဖြစ်သော ရပ်ရွာ၊ ပြည်နယ်နှင့် နိုင်ငံတော်အဆင့် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန် မဟာဗျူဟာများ စတင်ရေးဆွဲလာကြပြီဖြစ်ပါသည်။ အောက်ပါအပိုင်းတွင် အပြောင်းအလဲဖန်တီးရန် အလားအလာရှိသောဥပဒေနယ်ပယ်များနှင့် အသုံးပြုလျက်ရှိသော မဟာဗျူဟာတို့၏ သာဓကများကို ဖော်ပြထားပါသည်။

### ၂.၁။ အုပ်ချုပ်ရေးအဖွဲ့များ - မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံတွင် မြေယာနှင့်သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သောဥပဒေများနှင့် စည်းမျဉ်းများစွာတွင် အယူခံခြင်းလုပ်ငန်းစဉ်များ သို့မဟုတ် အငြင်းပွားမှုဖြေရှင်းခြင်းတို့အတွက် အကန့်အသတ်ဖြင့်သာ သတ်မှတ်ပေးထားပြီး အစိုးရအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့တို့က ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်ရှိကြပါသည်။ ထိုလုပ်ငန်းစဉ်များသည် အကန့်အသတ်ဖြစ်နေပြီး ဝေဖန်ခံရသော်လည်း[13] မြေသိမ်းမှုများသည် လူ့အဖွဲ့အစည်းများစွာ ရင်ဆိုင်နေရသည့် ပင်မစိုးရိမ်မှု တစ်ခုဖြစ်နေပြီး အရပ်ဘက်လူ့အဖွဲ့အစည်းလှုပ်ရှားမှုများကလည်း အာရုံစိုက်နေကြသဖြင့် ထိုလုပ်ငန်းစဉ်များသည် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးဝင်နိုင်ပြီး နောက်ထပ်လမ်းကြောင်းများ ဖြစ်လာနိုင်ပါသည်။

မြေသိမ်းယူမှုနှင့်ပတ်သက်သော မြေယာဥပဒေပေါင်းစုံတွင် အငြင်းပွားမှုဖြေရှင်းခြင်းအတွက် လုပ်ထုံးလုပ်နည်းများရှိပါသည်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတွင် အကန့်အသတ်ဖြင့် အယူခံခြင်းကို ခွင့်ပြုထားပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းဘက်မှ ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းကို သတ်မှတ်ပေးထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်များသည် အမြဲတမ်း ရှင်းလင်းမှု သို့မဟုတ် တစ်သတ်မတ်တည်းဖြစ်မှု မရှိသော်လည်း ၎င်းတို့အား အလားအလာရှိသော မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။

#### ၂.၁.၁။ ၁၈၉၄ခုနှစ်၊ မြေသိမ်းအက်ဥပဒေ (LAA)

မြေသိမ်းယူမှုအတွက် မြန်မာနိုင်ငံတွင် အဓိကကျင့်သုံးသည့်ဥပဒေဖြစ်သော ၁၈၉၄ခုနှစ်မြေသိမ်းအက်ဥပဒေ LAA တွင် နိုင်ငံတော်အား အများပြည်သူအကျိုးငှာ မြေသိမ်းယူမှုများ ပြုလုပ်ပိုင်ခွင့် ပေးထားပါသည်။ ကန့်ကွက်မှုများရှိလာသောအခါ အက်ဥပဒေတွင် သိမ်းယူခြင်းလုပ်ထုံး လုပ်နည်းအဆင့်နှစ်ဆင့် သတ်မှတ်ပေးထားပြီး ပထမအဆင့်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GAD)နှင့်တရားရုံးများတွင် ဖြစ်ပါသည်။[14] ထိုအဆင့်နှစ်ဆင့်လုံးအား မြေယာဆိုင်ရာ အခွင့်အရေးများကို အဓိကထားသော မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုတွင် ကာကွယ်ရေးအစီအမံများ အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။

---

13 အသေးစိတ်ကို Human Rights Watch, Nothing for Our Land (July 2018) တွင် ကြည့်ပါ။ https://www.hrw.org/ report/2018/07/17/nothing-our-land/impact-land-confiscation-farmers-myanmar တွင်ကြည့်နိုင်သည်။

14 ICJ, "Special Economic Zones in Myanmar and the State Duty To Protect" (Geneva 2016) p.31. https://www.icj.org/wp-content/uploads/2017/02/Myanmar-SEZ-assessment-Publications-Reports-Thematic-reports-2017-ENG.pdf တွင်ကြည့်နိုင်သည်။

၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ **LAA** အရ အများပြည်သူအကျိုးငှာမြေသိမ်းယူရန်အတွက် လိုအပ်နိုင်ဖွယ်ရှိသော မြေနေရာတစ်ခုကို ကြေညာရန်လိုအပ်ပါသည်။ အဆိုပါအက်ဥပဒေအရ အကျိုးစီးပွားသက်ဆိုင်သောပုဂ္ဂိုလ်[15] သည် အများပြည်သူအကျိုးအတွက် မြေသိမ်းယူရခြင်း၏ အကြောင်းအရင်းများကို စိန်ခေါ်မေးခွန်းထုတ်နိုင်ပါသည်။[16] သိမ်းယူရန်ရည်ရွယ်သောမြေအတွက် ကြေညာချက်ကို သက်ဆိုင်ရာနယ်မြေများတွင် ထုတ်ပြန်ကြေညာရမည်ဖြစ်ပြီး မြေ၊ သီးနှံများ၊ အပင်များ၊ အဆောက်အဦများနှင့် အခြားအသက်မွေးဝမ်းကျောင်းမှုများအတွက် လျော်ကြေးများ တောင်းခံရန် ခေါ်ယူရပါမည်။ ၁၈၉၄ခုနှစ်မြေသိမ်းအက်ဥပဒေ **LAA** တွင် အကျိုးစီးပွားသက်ဆိုင် သောပုဂ္ဂိုလ်တစ်ဦးက တရားရုံးသို့ ကန့်ကွက်ချက် တင်သွင်းခြင်းအတွက် လုပ်ထုံးလုပ်နည်းတစ်ရပ်ကို သတ်မှတ်ပေးထားပါသည်။[17] တရားသူကြီးအနေဖြင့် ထည့်သွင်းစဉ်းစားရမည့် အကြံပြုချက်နှင့် ညွှန်ကြားချက်ကို အက်ဥပဒေတွင် အသေးစိတ် ဖော်ပြထားပါသည်။ အဆိုပါဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုသာ မြေသိမ်းယူရာတွင်ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက အောက်တွင်ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များအသုံးပြုခြင်းအားဖြင့် အပါအဝင် မြေသိမ်းယူခြင်း၏ အကျိုးသက်ရောက်မှုအား တရားရုံးတွင် စိန်ခေါ်နိုင်မည်ဖြစ်ပါသည်။

## ၂.၁.၂။ လယ်ယာမြေဥပဒေ

၂၀၁၂ခုနှစ်၊လယ်ယာမြေဥပဒေနှင့် ၂၀၁၂ခုနှစ်၊လယ်ယာမြေနည်းဥပဒေတို့တွင်လည်းအများပြည်သူအကျိုးငှာ မြေသိမ်းယူမှုများအကြောင်း ဖော်ပြထားပါသည်။[18] အငြင်းပွားမှုများဖြစ်ပွားသောအခါ လယ်ယာမြေဆိုင်ရာ အထက်ပိုင်းအဖွဲ့ များက အောက်ခြေအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်နိုင်ပါသည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်အဖွဲ့သည် အမြင့်ဆုံး စီရင်ဆုံးဖြတ်ပေးသူဖြစ်ပြီး ကိစ္စရပ်အပေါ် 'အပြီးသတ်' ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါသည်။[19] ဤအမည်ခံ 'အပြီးသတ်ဖြစ်ကြောင်းအပိုဒ်' နှင့် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပေးခြင်းအတွက် လယ်ယာမြေဥပဒေတွင် လွတ်လပ်သောယန္တရား မရှိသော်လည်း အမှုတစ်ခုကို တရားရုံးများတွင် စတင်ဆောင်ရွက်နိုင်ပါသည် (အောက်တွင်ကြည့်ပါ)။ အဆိုပါ အငြင်းပွားမှုများသည် တစ်နိုင်ငံလုံးရှိ နိုင်ငံသားပေါင်းများစွာနှင့်သက်ဆိုင်သော အရေးပါသည့် နယ်ပယ်တစ်ခုဖြစ်နေသောကြောင့် လယ်ယာမြေသိမ်းယူမှုနှင့်သက်ဆိုင်သည့် မည်သည့် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း လှုပ်ရှားမှုတွင်မဆို လယ်ယာမြေဆိုင်ရာ အဖွဲ့များနှင့်အငြင်းပွားမှုများ ရင်ဆိုင်ကြုံတွေ့နေရသော လယ်သမားများကို ပံ့ပိုးကူညီရန်နှင့် ဖြစ်နိုင်သမျှ အမြင့်ဆုံးတရားစွဲဆိုနိုင်မည့်အဆင့်တွင် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို စိန်ခေါ်ရန်အရေးကြီးပါသည်။ အဆိုပါဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုသာ မြေသိမ်းယူရာတွင်ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက အောက်တွင်ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များအသုံးပြုခြင်းအားဖြင့် အပါအဝင် မြေသိမ်းယူခြင်း၏ သက်ရောက်မှုအား တရားရုံးတွင် စိန်ခေါ်နိုင်မည်ဖြစ်ပါသည်။

---

15 အကျိုးစီးပွားသက်ဆိုင်သောပုဂ္ဂိုလ်တစ်ဦးဆိုသည်မှာ မြေပေါ်တွင်ရမြဲဖြစ်သောအကျိုးခံစားခွင့်တစ်ရပ်ရပ်ရှိပြီး သို့မဟုတ် ငွေရေးကြေးရေး အရ အခြားနည်းသက်ရောက်ခြင်း ခံရပြီး မြေသိမ်းသောအခါ လျော်ကြေးတောင်း ခံခြင်းတွင်အကျိုးခံစားခွင့်ရှိသောသူကို ဆိုလိုသည်။ ဥပမာ မြေပေါ်တွင်လုပ်ကိုင်နေသော လယ်သမား သို့မဟုတ် အလုပ်သမားတစ်ဦးအား အကျိုးစီးပွားသက်ဆိုင်သောပုဂ္ဂိုလ် တစ်ဦးအဖြစ် သတ်မှတ်ပါသည်။ အက်ဥပဒေတွင် အကျိုးစီးပွားသက်ဆိုင်သောပုဂ္ဂိုလ်သည် တရားဝင်မြေပိုင်ဆိုင်မှုလက်ရှိဖြစ်ရမည် ဟု သတ်မှတ်ချက်မရှိပါ။

16 ၁၈၉၄ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၅(၁)(၂)(၃)။ ၁၉၃၂ခုနှစ်၊ မြေသိမ်းနည်းဥပဒေများ ပုဒ်မ ၃။

17 ၁၈၉၄ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၈(၁)။ အက်ဥပဒေ၏ အပိုင်း ၃ တွင် တရားစီရင်ရေးအဖွဲ့က ပြန်လည်စစ်ဆေးသုံးသပ် ခြင်းအတွက် လုပ်ငန်းစဉ်ကို ဖော်ပြထားသည်။ ၁၈၉၄ခုနှစ်၊ မြေသိမ်းအက်ဥပဒေ အပိုင်း ၃ - တရားရုံးသို့ လွှဲပြောင်းခြင်းနှင့် တရား ရုံးတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း။

18 ဤလုပ်ထုံးလုပ်နည်းအကြောင်း အပြည့်အစုံရှင်းလင်းချက်ကို International Commission of Jurists, Special Economic Zones in Myanmar and the State Duty To Protect (Geneva 2016) p.31 တွင် ကြည့်ပါ။ https://www.icj.org/wp-content/uploads/2017/02/Myanmar-SEZ-assessment-Publications-Reports-Thematic-reports-2017-ENG.pdf တွင် ကြည့်နိုင်သည်။

19 ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း (၈)။

### ၂.၁.၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေ

တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားသူများထံ ပြည်နယ်မြေများခွဲဝေချပေးရန်အတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (**VVF** ဥပဒေ) အား ရေးဆွဲထားပါသည်။[20] လက်တွေ့တွင် ထိုဥပဒေအား မြေကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန်နှင့် ဘုံအသုံးပြုမှု သို့မဟုတ် ဓလေ့ထုံးတမ်းအရအသုံးပြုမှုမှ ဖယ်ရှားရန်အတွက်ကျင့်သုံးနေပါသည်။[21] ထိုအချက်ကို ပိုမိုဆိုးရွားစေခဲ့သည်မှာ ပြည်တွင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများက အပြင်းအထန်ဝေဖန်ထားသော မကြာသေးမီက ပြင်ဆင်ချက်များဖြစ်ပါသည်။[22] မြေပေါ်တွင် လုပ်ကိုင်နေကြသော လယ်သမားများအပေါ် ဆောင်ရွက်လေ့ရှိသော ပိုင်နက်ကျူးကျော်ခြင်းနှင့် နှင်ထုတ်ခြင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်ခြင်းအတွက် ရာဇဝတ်ပြစ်ဒဏ်များ သတ်မှတ်ထားပါသည်။

ခွင့်ပြုမိန့်တစ်ခုထုတ်ပေးပြီးနောက် လေးနှစ်အတွင်း အသုံးပြုခြင်းမရှိသည့် ချပေးထားသောမြေကို နိုင်ငံတော်က လျော်ကြေးမပေးဘဲ ပြန်လည်သိမ်းယူနိုင်ပါသည်။ ဗဟိုကော်မတီအား ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ပေးထားပြီး ထိုအငြင်းပွားမှုများမှ လယ်သမားများအတွက် မျှော်မှန်းမထားသော အမှုအနိုင်ရရှိမှုအချို့ဖြစ်ပေါ်ခဲ့ပါသည်။

<table>
<tr><td>

**VVF ဥပဒေအရ စွဲချက်တင်ထားသော လယ်သမားများအား တရားရုံးက အပြီးအပြတ်လွှတ်ပေးခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိတရားရုံးတစ်ခုက မြေယာအငြင်းပွားမှုတစ်ခုတွင် ပါဝင်ခဲ့သော လယ်သမားရှစ်ဦးအား အပြီးအပြတ်လွှတ်ပေးခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ညောင်တုန်းမြို့နယ်၊ ဗျောသလန်းကျေးရွာအုပ်စုရှိ မြေဧကပေါင်း ၉၉၉ ဧကကို စီးပွားရေးလုပ်ငန်း ရှင်တစ်ဦးထံချပေးခဲ့ပါသည်။ သို့သော် အဆိုပါလုပ်ငန်းရှင်သည် ထိုမြေကိုစက်မှုလုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် တည်ဆောက်လုပ်ကိုင်ရန် ပျက်ကွက်ခဲ့ပြီး မူလပိုင်ရှင်များက ၂၀၁၄ ခုနှစ်တွင် ထိုမြေပေါ်တွင် ပြန်လည်စတင်စိုက်ပျိုးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ထိုလုပ်ငန်းရှင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လယ်သမားများကို စွဲချက်တင်ခဲ့ပါသည်။

နှစ်နှစ်ကျော်ကြာ တရားရုံး၌စစ်ဆေးပြီးနောက် တရားရုံးက မြေသည် အလိုအလျောက် နိုင်ငံတော်ပိုင်ပြန်လည်ဖြစ်သင့်သည့်အတွက် လယ်သမားများအား အပြီးအပြတ်လွှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ ဥပဒေအထောက်အကူပြုကွန်ရက်၏ အဆိုအရ ထိုအမှုသည် ညောင်တုန်းမြို့နယ်တွင် မြေယာအငြင်းပွားမှု၌ လုပ်ငန်းရှင်တစ်ဦးက တရားစွဲဆိုထားသော လယ်သမားများအား အပြီးအပြတ်လွှတ်ပေးသည့် ပထမဦးဆုံးအမှုဖြစ်သည်။ ထိုသို့သောအမှုအများစုတွင် လယ်သမားများအား ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ချမှတ်လေ့ရှိကြောင်း ထိုကွန်ရက်က ဆိုပါသည်။[23]

ဤအမှုသည် ယခုကဲ့သို့သော လယ်ယာမြေအငြင်းပွားမှုတွင် လယ်သမားများအားအနိုင်ပေးသော ရှားပါးစီရင်ထုံးတစ်ခုအဖြစ် သိသာထင်ရှားသည့်အတွက် နောင်ပြုလုပ်မည့် တရားစွဲဆိုမှုများတွင် မဟာဗျူဟာကျကျ အသုံးပြုနိုင်ပါသည်။

</td></tr>
</table>

20 ဤလုပ်ထုံးလုပ်နည်းအကြောင်း အပြည့်အစုံရှင်းလင်းချက်ကို International Commission of Jurists, Special Economic Zones in Myanmar and the State Duty To Protect (Geneva 2016) p.32 တွင် ကြည့်ပါ။ https://www.icj.org/wp-content/uploads/2017/02/Myanmar-SEZ-assessment-Publications-Reports-Thematic-reports-2017-ENG.pdf တွင် ကြည့်နိုင်သည်။

21 ပို၍အသေးစိတ်သိရှိလိုပါက Myanmar Centre for Responsible Business, Briefing Paper: Land (2015) ကိုကြည့်ပါ။ http://www.myanmar-responsiblebusiness.org/pdf/2018-Briefing-Paper-Land_draft.pdf တွင်ကြည့်နိုင်သည်။ ပြင်ဆင်ထားသော ဆွေးနွေးတိုင်ပင်မှုမူကြမ်းကို https://www.myanmar-responsiblebusiness.org/pdf/2018-Briefing-Paper-Land_draft.pdf တွင်ကြည့်နိုင်သည်။

22 ဒို့မြေကွန်ရက် - https://lioh.org ၊ TNI. There is no Vacant Land https://www.tni.org/en/publication/there-is-no-vacant-land ၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် https://www.ohchr.org/en/ NewsEvents/Pages/DisplayNews.aspx?NewsID=24296&LangID=E.

## ၂.၁.၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂၀၁၅ခုနှစ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အယူခံခြင်းလုပ်ငန်းစဉ်[23] ပါဝင်သော်လည်း ၎င်းအား လက်တွေ့ကျင့်သုံးသည်မှာ ရှားပါသည်။ EIA တစ်ခုအပေါ် သဘောမတူသော ရပ်ရွာလူထုသည် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အယူခံခြင်းကို စဉ်းစားနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှုထောင့်များနှင့် ပွင့်လင်းမြင်သာမှုကို စိန်ခေါ်နိုင်ပါသည်။ ထို့အပြင် EIA ကို အတည်ပြုရန် ဆုံးဖြတ်ချက်၏ အပြီးပြတ်ဖြစ်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာဏာပေး စာချွန်တော်အမိန့်အသုံးပြုခြင်းမှတစ်ဆင့် စိန်ခေါ်နိုင်ပါသည်။ EIA များနှင့် ၎င်းတို့နှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ် များကို ပုံမှန်အားဖြင့် အများပြည်သူထံ ထုတ်ပြန်ပေးခြင်းမရှိသဖြင့် ၎င်းတို့အား အယူခံ၍ ထိခိုက်နစ်နာသောလူထုကို ကူညီရန် ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့က ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုသာ မြေသိမ်းယူရာတွင် ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက မြေသိမ်းယူခြင်း၏ အကျိုးသက်ရောက်မှုအား တရားရုံးတွင် စိန်ခေါ်နိုင်မည်ဖြစ်ပါသည်။

## ၂.၁.၅။ ရင်းနှီးမြှုပ်နှံမှုဥပဒေ

မြန်မာနိုင်ငံ၏ ၂၀၁၆ခုနှစ်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်ခဲ့သော ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတွင် ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် **(MIC)** နှင့် ထိတွေ့ဆက်ဆံနိုင်မည့်အခြေအနေကို ဖန်တီးပေးထားပါသည်။ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတွင် ရင်းနှီးမြှုပ်နှံသူများသည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအားဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်း ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် **(MIC)** အား လမ်းညွှန်ထားပါသည်။ ရင်းနှီးမြှုပ်နှံသူ၏ ကောင်းမွန်သောကိုယ်ကျင့်တရားနှင့် ဂုဏ်သတင်းကို ထည့်သွင်းစဉ်းစားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**(MIC)**အနေဖြင့် မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံ တစ်နိုင်ငံတွင် ဥပဒေကို ချိုးဖောက်သောရင်းနှီးမြှုပ်နှံမှု၌ အကျိုးစီးပွား ပါဝင်ခြင်း ရှိ၊ မရှိကို လေ့လာနိုင်ပါသည်။ နည်း ဥပဒေများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ အလုပ်သမားရေးရာဆိုင်ရာ၊ အခွန်ဆိုင်ရာ၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာဥပဒေကို အတိအလင်းဖော်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာစံနှုန်းများကို ချိုးဖောက်ကြောင်းသိရှိခဲ့လျှင် သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ခဲ့လျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် **(MIC)** အနေဖြင့် ၎င်းအား ခွင့်ပြုမိန့်ထုတ်မပေးသင့်ပါ။ ထိုသို့သောကုမ္ပဏီ တစ်ခုက ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်တစ်ခုကို လျှောက်ထားလာခဲ့လျှင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် ထို ကုမ္ပဏီ၏ နောက်ကြောင်းမှတ်တမ်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် **(MIC)** ထံ တင်ပြ၍ ခွင့်ပြုမိန့်ကို ငြင်းပယ်ရန်အတွက် ထောက်ခံပြောဆိုသင့်ပါသည်။ အကယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် **(MIC)** က ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် မကိုက်ညီသောကုမ္ပဏီများကို ခွင့်ပြုမိန့်များ ထုတ်ပေးပါက အောက်တွင်ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များအသုံးပြုခြင်းအားဖြင့် အပါအဝင် ၎င်းတို့၏ ဆုံးဖြတ်ချက်များအား တရားစီရင်ရေးအဖွဲ့က ပြန်လည်စစ်ဆေးသုံးသပ်ရမည်။

မြန်မာနိုင်ငံ၏၂၀၁၄ ခုနှစ်၊ အထူးစီးပွားရေးဇုန်ဥပဒေတွင် အထူးစီးပွားရေးဇုန်များအတွင်း၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ မြေယာဆိုင်ရာဥပဒေများနှင့် အလုပ်သမားဥပဒေများ၏ အပြည့်အဝအကျိုးသက်ရောက်မှုကို ထပ်မံအတည်ပြုထားပါသည်။ အဆိုပါဥပဒေများအား လိုက်နာမှုရှိစေရန် အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အာဏာပိုင်များ၏ ပျက်ကွက်မှုကိုလည်း မြန်မာနိုင်ငံရှိတရားရုံးများအပါအဝင်တို့မှတစ်ဆင့် စိန်ခေါ်သင့်ပါသည်။[24]

23 အခန်း (၆)၊ ပုဒ်မ ၇၁-၇၅။
24 ယေဘုယျအားဖြင့် ICJ, “SEZs in Myanmar,” ကို ကြည့်ပါ။ ကိုးကားချက်အပြည့်အစုံအထက်တွင်ရှိသည်။

### ၂.၁.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများသည် ကမ္ဘာ့တစ်ဝှမ်းရှိ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုများစွာ၏ အခြေခံဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခွင့်အရေးများနှင့်တာဝန်များအကြောင်းအခန်းတစ်ခန်းပါဝင်ပါသည်။နိုင်ငံသားများနှင့်သက်ဆိုင်သည့်အခွင့်အရေးများတွင် ဥပဒေအရ တရားဥပဒေရှေ့မှောက် တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံခြင်းမရှိမှုနှင့်တန်းတူညီမျှအခွင့်အရေးရရှိမှု၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အထူးအကာအကွယ်များ၊ အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ယဉ်ကျေးမှုကျင့်သုံးခွင့်၊ လွတ်လပ်စွာ ဘာသာစကားပြောဆိုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ သွားလာခွင့်၊ ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ အကာအကွယ်၊ ကျွန်ပြုခြင်းအားတားမြစ်ခြင်း၊ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်၊ ဒီမိုကရေစီနည်းလမ်းတကျ ပါဝင်ဆောင်ရွက်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ ရှေ့နေအကြံပေးပိုင်ခွင့် တရားသဖြင့်ပြန်လည်ဖြစ်စေပိုင်ခွင့်နှင့်ဥပဒေဖြင့် သတ်မှတ်ထားသောရပိုင်ခွင့် များရရှိခွင့်တို့ပါဝင်ပါသည်။ အဆိုပါ "မူလအခွင့်အရေးများ" ထဲမှ အခွင့်အရေးများစွာကို မြန်မာနိုင်ငံသားများအတွက်သာ သတ်မှတ်ထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇တွင် "မည်သူ့ကိုမဆို" ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရန် အာမခံထားပါသည်။[25] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများနှင့် တာဝန်များအား ရှင်းလင်းဖော်ပြရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ဆုံးဖြတ်ချက်များ လိုအပ်ပါသည်။ ထိုသို့မဟုတ်လျှင် အဆိုပါအခွင့်အရေးများနှင့် တာဝန်များစွာသည် ယေဘုယျဆန်သောပြဋ္ဌာန်းချက်များဖြစ်နေပြီး သာမန်ပြည်သူများ၏ ဘဝနေထိုင်မှုများနှင့် သက်ဆိုင်ခြင်းမရှိပါ။ ယခုအချိန်အထိ ဥပဒေ ပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့က တင်ပြလာသောအမှုများမှာ အနည်းအကျဉ်းမျှသာဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဆုံးဖြတ်ချက်အနည်းအကျဉ်းသာ ချမှတ်ခဲ့ပြီး တရားရုံးမှပေးပို့တင်ပြလာသော အမှုတစ်မှုမျှရှိသည်ဟု မသိရှိရပါ။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများသည် အားလုံးနှင့်သက်ဆိုင်မှုရှိသော်လည်း အများပြည်သူဆိုင်ရာ ဆွေးနွေးပြောဆိုမှုနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများတွင် ထိုအကြောင်းအရာများ ပါဝင်လေ့မရှိပါ။ တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥ ပဒေနှင့်ပတ်သက်သော လျှောက်လဲတင်ပြချက်များကို ကြားနာရန် ဆန္ဒရှိပုံမပေါ်သလို ထိုလျှောက်လဲတင်ပြချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လွှဲပြောင်းပေးနိုင်စွမ်း သို့မဟုတ် လွှဲပြောင်းပေးရန်ဆန္ဒလည်း ရှိပုံမပေါ်ပါ။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃တွင် ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ-မရှိ၊ ညီညွတ်မှုရှိ-မရှိ တရားရုံး၌ အငြင်းပွားမှုဖြစ်လျှင် 'အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်'ဟု ဖော်ပြထားပါသည်။ ဤသတ်မှတ်ထားသည့် နည်းလမ်းများသည် မည်သည့်နည်းလမ်းများဖြစ်သည်ကို သိရှိနားလည်ရန် ပိုမိုကောင်းမွန်သော ရှင်းလင်းချက်များ လိုအပ်ပါသည်။ ICJ အနေဖြင့် တရားရုံးများက အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ လွှဲပြောင်းပေးပို့သော မည်သည့်ဖြစ်ရပ်ကိုမျှ သိရှိထားခြင်းမရှိပါ။

မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းလှုပ်ရှားမှုတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လွှဲပြောင်းပေးပို့ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လျှောက်လဲတင်ပြချက်များကို တရားရုံးထံတင်ပြခြင်းများလည်း ပါဝင်နိုင်ပါသည်။ ထိုအခါ ခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများသည် လက်တွေ့တွင် ဘာကိုဆိုလိုကြောင်းနှင့် ဥပဒေများကိုယ်၌ကပင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ-မရှိ၊ ညီညွတ်မှုရှိ-မရှိကို ဆုံးဖြတ်ပေးနိုင်ပါသည်။ အကယ်၍ တရားရုံးများက သတ်မှတ်ထားသည့်နည်းလမ်းများကို လိုက်နာရန်နှင့် အငြင်းပွားမှုကို ခုံရုံးသို့တင်ပြရန် ငြင်းဆန်ပါက ထိုသို့ဆောင်ရွက်ပေးရန် ပျက်ကွက်ကြောင်းမှတ်တမ်းများကို သိမ်းဆည်းထားရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူများအား လိုက်နာကျင့်သုံးခြင်းမရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ရမည့်အရာများကို တရားစီရင်ရေးအဖွဲ့က ဆောင်ရွက်ခြင်းမရှိကြောင်းကို ပြသရန် ပိုမိုကျယ်ပြန့်သော လှုပ်ရှားမှုတစ်ခု၌

25 ICJ, "Citizenship and Human Rights in Myanmar: Why Law Reform is Urgent and Possible," June 2019.

အဆိုပါ မှတ်တမ်းများအား အထောက်အထားအဖြစ် အသုံးပြုနိုင်ပါသည်။ တချိန်တည်းမှာပင် အကယ်၍ တိုင်ကြားသူများအတွက် ဆိုးကျိုးရလဒ်တစ်စုံတစ်ရာ ဖြစ်စေနိုင်ခြင်း သို့မဟုတ် ဖြစ်နိုင်ချေရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာကို မတောင်းဆိုခြင်းက ဗျူဟာအရစဉ်းစားပါက ပို၍သင့်တော်နိုင်ကြောင်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။

## ၂.၁.၇။ အုပ်ချုပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်များကိုတရားစီရင်ရေးကပြန်လည်သုံးသပ်ခြင်း-ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များ

အုပ်ချုပ်ရေးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးများနှင့် လူ့အခွင့်အရေးများကို လေးစား ကာကွယ်၍ ကျိုးကြောင်းဆီလျော်စွာနှင့် ဥပဒေနှင့်အညီဆောင်ရွက်မှုရှိကြောင်း သေချာစေရန် တရားရုံးများအနေဖြင့် ပြန်လည်စစ်ဆေးသုံးသပ်ပိုင်ခွင့် အချို့ရှိပါသည်။ အင်္ဂလိပ်ရိုးရာဥပဒေကိုကျင့်သုံးသည့် ကိုလိုနီစနစ်မှ လွတ်မြောက်လာသော တိုင်းပြည်များစွာတွင် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအား တရားစီရင်ရေးအဖွဲ့က ပြန်လည်စစ်ဆေး သုံးသပ်မှုရှိအောင် သေချာစေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အက်ဥပဒေများကို ချမှတ်ကျင့်သုံးကြပါသည်။[26] အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်ခံမှုနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုကြောင့်လည်း တရားစီရင်ရေးအဖွဲ့၏ ဥပဒေကသတ်မှတ်ထားသော ပြန်လည်စစ်ဆေးသုံးသပ်မှုပုံစံများက သတင်းအချက်အလက်စနစ်များ၏ လွတ်လပ်မှုအထိ အမျိုးမျိုးသော စည်းမျဉ်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဖန်တီးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်များ၊ တရားစီရင်ရေးဆိုင်ရာကော်မရှင်များ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအရာရှိအစရှိသည့် အမျိုးမျိုးသော လွတ်လပ်သည့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ဖန်တီးခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးများ ထူထောင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများထဲတွင် အခြေခံရပိုင်ခွင့်ဥပဒေများ ထည့်သွင်းခြင်းတို့ ဖြစ်ပေါ်လာစေခဲ့ပါသည်။[27]

မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ရပ်အပေါ် ပြန်လည်စစ်ဆေးပေးမှုတောင်းဆိုရန် ယေဘုယျအားဖြင့် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးမရှိသဖြင့် လက်ရှိမြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို တရားစီရင်ရေးအဖွဲ့က ပြန်လည်သုံးသပ်ပေးနိုင်သည့် တစ်ခုတည်းသောနည်းလမ်းများအနက်တစ်ခုမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ စာချွန်တော် အမိန့်များထုတ်ဆင့်ပေးရန်လျှောက်ထားခြင်းမှ တစ်ဆင့်ဖြစ်ပါသည်။[28] စာချွန်တော်အမိန့်များကို တစ်ကမ္ဘာလုံးရှိ ကိုလိုနီစနစ်မှလွတ်မြောက်လာသော တိုင်းပြည်များစွာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းဖော်ပြထားပြီး ကိုလိုနီစနစ်အတွင်း ခံစားခဲ့ရသည့် အုပ်ချုပ်ရေးအာဏာအလွဲသုံးစားပြုမှုကို ကာကွယ်ရန်အတွက် ဖြစ်ပါသည်။[29] စာချွန်တော်အမိန့်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အခွင့်အရေးများအားကာကွယ်ရန် တရားစီရင်ရေးဆိုင်ရာ တက်ကြွလှုပ်ရှားမှုနှင့် မဟာဗျူဟာမြောက်တရားစွဲ ဆိုမှုတို့နှင့်ပတ်သက်ဆက်နွယ်လာခဲ့ပါသည်။

26 ဥပမာ - တောင်အာဖရိက၊ နမီးဘီယား၊ မာလာဝီ၊ ကန်ညာနှင့် ဖီဂျီနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ကြည့်ပါ။

27 အုပ်ချုပ်ရေးဥပဒေပြုပြင်ပြောင်းလဲမှု၏ အသေးစိတ်သမိုင်းကြောင်းနှင့် သုံးသပ်ချက်အပြင် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ စာချွန်တော်အမိန့်များအား နှိုင်းယှဉ်သုံးသပ်မှုအတွက် Crouch, Mellissa The Prerogative Writs as Constitutional Transfer (Oxford J Legal Studies, 2018) 38 (4): 653 ကို ကြည့်ပါ။

28 ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၇-၃၇၈ တွင် ရှေ့တော်သွင်းစာချွန်တော်အမိန့် (Habeas Corpus)၊ အာဏာပေး စာချွန်တော်အမိန့် (Mandamus)၊ တားမြစ်စေစာချွန်တော်အမိန့် (Prohibition)၊ အာဏာပိုင်မေးစာချွန်တော်အမိန့် (Quo warranto) နှင့် အမှုခေါ် စာချွန်တော်အမိန့် (Certiorari)တို့က တရားလွှတ်တော်ချုပ်က ထုတ်ဆင့်ရန် ပြဋ္ဌာန်းထားပြီး ၂၀၁၄ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေလည်း ရှိပါသည်။

29 Crouch, Mellissa The Prerogative Writs as Constitutional Transfer (Oxford J Legal Studies, 2018) 38 (4): 653 ကို ကြည့်ပါ။

**အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအတွက် အခြေခံအဖြစ် စာချွန်တော်အမိန့်များ**

အိန္ဒိယနိုင်ငံ၏၁၉၅၀ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗြိတိသျှတို့၏ အစဉ်အလာမှ ခွဲထွက်၍ မူလအခွင့်အရေးများ ကာကွယ်ခြင်းအတွက် အခြေခံရပိုင်ခွင့်ဥပဒေတစ်ရပ်နှင့် ပြန်လည်ကုစားရန်အတွက် စာချွန်တော်အမိန့်ငါးခုကို ထည့်သွင်းထားပြီးတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များအား အဆိုပါစာချွန်တော်အမိန့်ငါးခုသို့မဟုတ် အခြား မည်သည့်စာချွန်တော်အမိန့်ကိုမဆို အခွင့်အရေးများကာကွယ်ခြင်းအတွက် ထုတ်ပြန်ပိုင်ခွင့်အပ်နှင်းထားပါသည် (ပုဒ်မ ၃၂)။ ဤအချက်ကြောင့် စာချွန်တော်အမိန့်များမှာ သြဇာသက်ရောက်မှု၊ သေချာခိုင်မာမှုပို၍ရှိလာပြီး အများပြည်သူ၏ ယုံကြည်မှုလည်း မြင့်တက်လာသဖြင့် အိန္ဒိယနိုင်ငံတွင် ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိသော မဟာဗျူဟာမြောက် တရားစွဲဆိုမှုများ အလျင်အမြန် တိုးပွားလာခဲ့ပါသည်။[31] တရားစီရင်ရေးအဖွဲ့ကလည်း ပိုမိုကျယ်ပြန့်စွာ လျှောက်ထားနိုင်အောင်ရည်ရွယ်သော စီစဉ်မှုများကိုလည်း ပြုလုပ်ပေးခဲ့သဖြင့် သဘာဝပတ်ဝန်းကျင်အပါအဝင် တရားစွဲဆိုမှု နယ်ပယ်အသစ်များ ပေါ်ပေါက်လာစေခဲ့ပါသည်။[32]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များသည် ပါကစ္စတန်နိုင်ငံတွင်လည်း အရေးပါပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားလွှတ်တော်များသည် စာချွန်တော်အမိန့်ဆိုင်ရာအမှုများကို ကြားနာစစ်ဆေးရန် မူလစီရင်ပိုင်ခွင့်ရှိကြပါ သည်(ပုဒ်မ ၁၉၉)။ အချို့သောကန့်သတ်ချက်များရှိပါသည်။ အမှုကိုတရားစွဲသောပုဂ္ဂိုလ်သည် တစ်နည်းနည်းဖြင့် ထိခိုက်နစ်နာရမည်ဖြစ်သောကြောင့် အများပြည်သူအကျိုးငှာတရားစွဲဆိုခြင်းကို တားမြစ်ထားပါသည်။ သို့သော် အခွင့်အရေးများကာကွယ်ခြင်းနှင့်အာဏာကန့်သတ်ခြင်းကိုအထောက်အပံ့ဖြစ်အောင် အဓိပ္ပာယ်ကောက်ယူရန်အခွင့်အလမ်းများ ပို၍ပေးအပ်ထားသောကြောင့် ပြန်လည်ကုစားမှုများသည် အင်္ဂလိပ်ရိုးရာဥပဒေထက် ကာကွယ်ရန်အခွင့်အလမ်းများ ပိုမိုခွင့်ပြုနိုင်ပါသည်။[33]

မြန်မာနိုင်ငံတွင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစာချွန်တော်အမိန့်များကို ၁၉၄၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စတင်ထည့်ခဲ့ပြီး ၂၀၀၈ ခုနှစ်ဥပဒေတွင်လည်း ထပ်မံထည့်သွင်းခဲ့ပါသည်။[33] ၁၉၄၀ ခုနှစ်တွင် မောင်ပြုံးအမှုမှ[34] ၁၉၇၀ ပြည့်နှစ်များ မတိုင်မီအထိ အစိုးရအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ဆောင်ချက်များကို မြန်မာနိုင်ငံတရားရုံးများသည် ပြန်လည်သုံးသပ်ရာ နေရာတစ်ခုအနေဖြင့်ရှိကြောင်း ၎င်းတို့ကိုယ်တိုင် အခိုင်အမာပြောဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်၌ အုပ်ချုပ်ရေးဆိုင်ရာအငြင်းပွားမှု အနည်းအကျဉ်းကိုသာ တရားရုံးများထံ လွှဲပြောင်းပေးပို့ပေးနေသော်လည်း တရားစီရင်ရေးအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်စစ်ဆေးပိုင်ခွင့်ရှိပါသည်။

30 စာချွန်တော်အမိန့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြခြင်းနှင့် ၎င်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကာကွယ်ခြင်းနှင့် ချိတ်ဆက်ခြင်းကို မြန်မာ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် တောင်အာရှရှိနိုင်ငံများက လွတ်လပ်ရေးရလာသောအခါ အတုယူခဲ့ခြင်းဖြစ်ပြီး အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း ထည့်သွင်းခဲ့ကြပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင် ရာ စာချွန်တော်အမိန့်များသည် နိုင်ဂျီးရီးယား၊ ဆီယာလီယွန်၊ ကန်ညာ၊ ဂမ်ဘီယာနှင့်ဇင်ဘာဘွေနိုင်ငံများ အပါအဝင် အာဖရိက တိုက်တစ်ဝှမ်းတွင်နှင့် မောရိရှပ်၊ ဘဟားမားစ်နှင့် ဘာဘဒိုးစ်အစရှိသောနိုင်ငံများအပါအဝင် ကာရေဘီယံပင်လယ်ရှိ ဓနသဟာဟနိုင်ငံများတွင်လည်း ပေါ်ပေါက်လာခဲ့ပါသည်။

31 အများပြည်သူအကျိုးငှာတရားစွဲဆိုနှင့်ပတ်သက်၍ ဖတ်ရှုလေ့လာစရာ များစွာရှိပါသည်။ ဥပမာ Shylashri Shankar, 'The Embedded Negotiators: India's Higher Judiciary and Socioeconomic Rights' in Maldonado (ed), *Constitutionalism of the Global South: The Activist Tribunals of India, South Africa and Columbia* (CUP 2013) 95–128; Upendra Baxi, *The Indian Supreme Court and Politics* (Eastern Books 1980); Manoj Mate, 'Public Interest Litigation and the Transformation of the Supreme Court of India' in Diana Kapiszewski, Gordon Silverstein and Robert A Kagan (ed), *Consequential Courts: Judicial Roles in Global Perspective* (CUP 2013); SP Sathe, *Judicial Activism in India: Transgressing Borders and Enforcing Limits* (OUP 2002) တို့ကိုကြည့်ပါ။

32 Sadaf Aziz, The Constitution of Pakistan: A Contextual Analysis (Hart Publishing 2018) 125. See also Osama Siddiqi, 'Public Interest Litigation: Predictable Continuity and Radical Departures' in MH Cheema and IS Gilani (eds), The Politics and Jurisprudence of the Chaudhry Court 2005–2013 (OUP 2015). Ahmed Sanaa, 'Supremely Fallible? A Debate on Judicial Restraint and Activism in Pakistan' (2015) 9(2) Vienna Journal on International Constitutional Law 213.

33 ဤတိုးတက်ပြောင်းလဲလာသော ဥပဒေစနစ်အကြောင်း ပိုမိုသိရှိလိုပါက ICJ, Handbook on Habeas Corpus (Geneva, 2016) ကို ကြည့်ပါ။ https://www.icj.org/myanmar-writ-of-habeas-corpus-can-help-protect-human-rights/ တွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာလုံးဖြင့် ဖတ်ရှုနိုင်သည်။

34 In the matter of Maung Pyu and others (1940) All Indian Law Report (Rangoon).

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များသည် အုပ်ချုပ်ရေးအဖွဲ့နှင့်အောက်တရားရုံးများက ၎င်းတို့၏ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံး၍ချမှတ်သော ဆုံးဖြတ်ချက်များကို တရားစီရင်ရေးအဖွဲ့က ပြန်လည်စစ်ဆေး သုံးသပ်ခြင်း ယန္တရားတစ်ခုဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ ပုဒ်မ ၁၈(ဂ) တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အား စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့် အပ်နှင်းထားပါသည်။ တရားလွှတ်တော်ချုပ်၏ စာချွန် တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆)၊ ပုဒ်မ ၂၉၆ တွင် ဖော်ပြထားပါ သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးလုပ်ပိုင်ခွင့်အာဏာဆိုင်ရာ အောက်ပါသီးခြားစာချွန်တော်အမိန့် ငါးမျိုးကို ထုတ်ဆင့်နိုင်ပါသည်။

- အမှုခေါ်စာချွန်တော်အမိန့် (Certiorari) - အုပ်ချုပ်ရေးအာဏာဖြင့် ချမှတ်ထားသော ဥပဒေနှင့်မညီညွတ်သည့် ဆုံးဖြတ်ချက်တစ်ခုကို ပယ်ဖျက်ရန်။
- တားမြစ်စေစာချွန်တော်အမိန့် (Prohibition) - အုပ်ချုပ်ရေးအာဏာဖြင့် ပြုလုပ်သော ဥပဒေနှင့်မညီညွတ်သည့် လုပ်ရပ်တစ်ခုကို တားမြစ်၊ တားဆီးရန်။
- အာဏာပေးစာချွန်တော်အမိန့် (Mandamus) - အရာရှိတစ်ဦးအား ၎င်း၏ တာဝန်များကို ဆောင်ရွက်အောင် သို့မဟုတ် ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြင်ဆင်အောင် ညွှန်ကြားရန်။
- ရှေ့တော်သွင်းစာချွန်တော်အမိန့် (Habeas corpus) - လူတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခြင်း၏ ဥပဒေနှင့်ညီ ညွတ်မှုကို ပြန်လည်သုံးသပ်ရန်နှင့် သူ/သူမအား လွှတ်ပေးအောင် အမိန့်ပေးရန်။
- အာဏာပိုင်မေးစာချွန်တော်အမိန့် (Quo warranto) - လူတစ်ဦးအား ခွင့်ပြုချက်မရှိသောလုပ်ရပ်များ ပြုလုပ် ခြင်းမှ တားမြစ်ရန်။

စာချွန်တော်အမိန့်များလျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းကို ၂၀၁၄ခုနှစ်၊ စာချွန်တော်အမိန့်လျှောက် ထားမှုဆိုင်ရာဥပဒေ၊ ပြည်ထောင်စုလွှတ်တော် (ဥပဒေအမှတ် ၂၄/၂၀၁၄)နှင့် စာချွန်တော်အမိန့်များ လျှောက်ထားမှု ဆိုင်ရာ နည်းဥပဒေများနှင့်စည်းမျဉ်းများ (ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ကြော်ငြာစာအမှတ် ၁၁၇/၂၀၁၃) တွင် ရှင်းလင်း စွာဖော်ပြထားပါသည်။ အခြားသောဥပဒေများသည် အဆိုပါစာချွန်တော်အမိန့်များကို အနှောင့်အယှက် မပြုနိုင်ပါ။ ထို့ကြောင့် ဥပမာအားဖြင့် ၁၈၉၄ခုနှစ်၊ မြေသိမ်းအက်ဥပဒေနှင့် ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေတို့တွင် အပြီးပြတ်ဖြစ်ရမည်ဟူသော ပြဋ္ဌာန်းချက်များ[35] ပါဝင်နေသည့်တိုင် အာဏာပိုင်များ၏ ဆုံးဖြတ်ချက်များကို ပြန်လည် စစ်ဆေးသုံးသပ်ရန်၊ တားဆီးရန် သို့မဟုတ် ပြင်ဆင်ရန် တစ်ဦးချင်းပြည်သူများက စာချွန်တော်အမိန့်များကို အသုံးပြု နိုင်ပါသည်။ ဤအခြေခံစည်းမျဉ်းသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့များအပါအဝင် အုပ်ချုပ်ရေးအာဏာပိုင်များအားလုံး၏ လုပ်ရပ်များ အပေါ် အကျုံးဝင်ပါသည်။[36]

35 ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၅(က၂)။ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၂၅(ဂ)။

36 ၂၀၁၅ ခုနှစ်၊ အထူးစီးပွားရေးဇုန်နည်းဥပဒေများ ပုဒ်မ ၄၉။ ၂၀၁၆ခုနှစ်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၉၈။

**စာချွန်တော်အမိန့်များ အသုံးပြု၍ အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြန်လည်စစ်ဆေးသုံးသပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇွန် လ၊ ၅ရက်နေ့ နေ့စွဲပါ ပါမောက္ခဒေါ်ကျင်ဌေးနှင့် ပညာရေးဝန်ကြီး အမှု(၂၀၁၃ခုနှစ်) မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်[38]**

တရားလွှတ်တော်ချုပ်ထံ စာချွန်တော်အမိန့်လျှောက်ထားမှုများသည် အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များနှင့် မြေသိမ်းယူမှုများတွင် ရှေ့နေများက စာချွန်တော်အမိန့်များကို ထပ်ခါတလဲလဲ တင်သွင်းလျှောက်ထားရန် စိတ်ဆန္ဒနှင့် ထောက်ခံအားပေးမှုများရှိပါက မဟာဗျူဟာမြောက်တရားစွဲဆိုမှုအတွက် ဖြစ်နိုင်ချေရှိသည်များကို ထောက်ပံ့ပေးနိုင်ပါသည်။ **ပါမောက္ခဒေါ်ကျင်ဌေးနှင့် ပညာရေးဝန်ကြီးအမှု(၂၀၁၃ခုနှစ်)တွင် ပညာရေးဝန် ကြီးဌာနက ရာထူးမှ 'အတင်းအဓမ္မအနားယူစေခြင်း' ခံခဲ့ရသော စီးပွားရေးပါမောက္ခတစ်ဦးက ဝန်ကြီး၏ ဆုံးဖြတ်ချက်အပေါ်** အမှုခေါ်စာချွန်တော်အမိန့် (Certiorari) သို့မဟုတ် အာဏာပေးစာချွန်တော်အမိန့် (Mandamus)[39] ရရှိရန် တရားလွှတ်တော်ချုပ်ထံ စာချွန်တော်အမိန့် လျှောက်ထားခဲ့ပါသည်။ ဤအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးနှစ်ခု တောင်းဆိုမှုအပေါ် အခြေခံခဲ့ပြီး ထိုအခွင့်အရေးနှစ်ခုမှာ ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးနှင့် ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှုတွင် တူညီသော အခွင့်အလမ်းတို့ဖြစ်သည်။ မြန်မာနိုင်ငံရှိယခင်စီရင်ထုံးများနှင့် နိုင်ငံတကာစံနှုန်းများကို ကိုးကား၍ တရားလွှတ်တော်ချုပ်က သူမအား အတင်းအဓမ္မအနားယူစေခဲ့သော ဝန်ကြီး၏ဆုံးဖြတ်ချက်သည် ၎င်း၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်နေခဲ့သည်ဟု ဆုံးဖြတ်၍ စာချွန်တော်အမိန့်ကို ချမှတ်ပေးခဲ့ပါသည်။ ဤအမှုသည် အစိုးရဝန်ကြီးတစ်ဦး၏ ဆုံးဖြတ်ချက်အား ဥပဒေနှင့်မညီညွတ်ကြောင်း တရားလွှတ်တော်ချုပ်က ကြေညာသည့် ပထမဦးဆုံးအမှု ဖြစ်သည်။

ဆုံးဖြတ်ချက်ခိုင်မာသောရှေ့နေများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များကို အသုံးပြုနိုင်ကြောင်း ဤအမှုကပြသပါသည်။ တဖြည်းဖြည်းချင်းဖြင့် တရားရုံးသည် အုပ်ချုပ်ရေးအဖွဲ့၏ ပိုမိုထိရောက်လွယ်သည့်သဘောသဘာဝရှိသော ဆုံးဖြတ်ချက်များကိုပင် ပြန်လည်စစ်ဆေး သုံးသပ်နိုင်လောက်အောင် လွတ်လပ်မှုရှိလာနိုင်ပါသည်။ ထိုသို့မဟုတ်လျှင် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအား သဘောမတူကြောင်းမှတ်တမ်းများသည် အပယ်ခံလျှောက်လွှာများထဲတွင် သွား၍ စုပုံနေပေလိမ့်မည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချွန်တော်အမိန့်များသည် အခွင့်အရေးများကို နိုင်ငံတော်အာဏာမှ ကာကွယ်ပေးသူများအဖြစ် လက္ခဏာဆောင်ပါသည်။ ၎င်းတို့အား မြန်မာနိုင်ငံတွင်အစိုးရမူဝါဒများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့် အရေးများအား ပြန်လည်စစ်ဆေးသုံးသပ်ရန် နည်းလမ်းအဖြစ် အသုံးပြုလေ့မရှိပါ။ သို့သော် ၎င်းတို့အား အငြင်းပွားမှုများဖြစ်ပွားသော မြေပိုင်ရှင်များနှင့် အလုပ်ရှင်များအစရှိသော အင်အားကြီးသူများက အောင်အောင်မြင်မြင် အသုံးပြုနေကြပါသည်။[39] အကယ်၍သာ ရှေ့နေများသည် NGO များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် တရားစီရင်ရေးအဖွဲ့ကို ဆက်တိုက်စမ်းသပ်ရန်ဆန္ဒရှိပါက မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအတွက် အကျိုးဖြစ်ထွန်းနိုင်မည့်နယ်ပယ်များ ဖော်ထုတ်ပေးနိုင်ဖွယ်ရှိပါသည်။ ဤနည်းလမ်းသည် နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် သက်ဆိုင်သောဆုံးဖြတ်ချက်များကို သိရှိရန်၊ စိန်ခေါ်မေးခွန်းထုတ်ရန်နှင့် ထိုဆုံးဖြတ်ချက်များကို ပြန်လည်စစ်ဆေးသုံးသပ်ပေးစေရန် နိုင်ငံသားများအား ပိုမိုလေ့လာစစ်ဆေးနိုင်စေမည့် အရေးပါသောလမ်းကြောင်းတစ်ခု ဖြစ်လာနိုင်ပါသည်။

---

37 ထပ်မံသိရှိလိုပါက Myanmar Times, University teacher Wins Supreme Court Battle (16 June 2015) ကို ကြည့်ပါ။ https://www.mmtimes.com/national-news/10694-university-teacher-wins-supreme-court-battle-over-dismissal .html တွင် ကြည့်နိုင်သည်။

38 ဤအမှု၏ အသေးစိတ်အချက်အလက်များကို ရယူရန်ခက်ခဲ့ပါသည်။ မြန်မာတိုင်းမ်စ်တွင် အာဏာပေးစာချွန်တော်အမိန့် (Man-damus) ကို အသုံးပြုခဲ့သည်ဟု ဖော်ပြထားသော်လည်း အချို့က အမှုခေါ်စာချွန်တော်အမိန့် (Certiorari)ကို အသုံးပြုခဲ့သည်ဟု ဆိုပြန်သည်။ Crouch, Mellissa The Prerogative Writs as Constitutional Transfer (Oxford J Legal Studies, 2018) 38 (4): 653 ကို ကြည့်ပါ။

39 Crouch, Mellissa The Prerogative Writs as Constitutional Transfer (Oxford J Legal Studies, 2018) 38 (4): 672.

### ၂.၁.၈။ ရှေ့တော်သွင်းစာချွန်တော်အမိန့် (Writ of Habeas Corpus)

လွတ်မြောက်ခွင့်ကို လက်လွတ်ဆုံးရှုံးခြင်းဆိုင်ရာ အခွင့်အရေးများနှင့် သက်ဆိုင်လာသောအခါ မြန်မာနိုင်ငံရှိ ဥပဒေတွင် ရှေ့တော်သွင်းစာချွန်တော်အမိန့်မှတစ်ဆင့် ပြန်လည်ကုစားမှုပေးရန် ပြဋ္ဌာန်းထားပါသည်။ အားနည်းချက်များ ရှိနေသော်လည်း[40] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသား၏ မူလအခွင့်အရေးများနှင့် တာဝန်များအကြောင်း အခန်း (၈) ၌ စာချွန်တော်အမိန့်များအား အသိအမှတ်ပြုထားခြင်းသည် တိုင်းပြည်၏ တရားဥပဒေစိုးမိုးရေးအတွက် ကောင်းမွန်သော ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ပုဒ်မ ၃၇၈ တွင် ရှေ့တော်သွင်းစာချွန်တော်အမိန့်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရကာကွယ်ထားသည့် မူလအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်းအတည်ပြုထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံထားသော ရှေ့တော်သွင်းစာချွန်တော်အမိန့်အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁(၁)(က)နှင့်(ခ)တွင် ရှေ့တော်သွင်းစာချွန်တော်အမိန့်နှင့် အလားသဏ္ဍာန်တူသောကုစားမှုကို ပြဋ္ဌာန်းထားပါသည်။ ထိုပုဒ်မတွင် ဥပဒေနှင့် မညီညွတ်သော ဖမ်းဆီးထိန်းသိမ်းထားသောသူများအားလွှတ်ပေးရန် ပြစ်မှုဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များထံ အပ်နှင်းထားပါသည်။

အဆိုပါကုစားမှုအားလုံးသည် ၂၀၀၈ ခုနှစ်ကတည်းက ထိန်းသိမ်းခံရသူများအားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၏ ဥပဒေနှင့်ညီညွတ်မှုကို ပြန်လည်စစ်ဆေးသုံးသပ်ရာတွင် ထိရောက်မှုမရှိခဲ့ပါ။[41] မည်သို့ပင်ဆိုစေကာမူ စာချွန်တော်အမိန့်လျှောက်ထားမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးတစ်ခုဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တာဝန်တစ်ခုဖြစ်ပါသည်။ ရဲတပ်ဖွဲ့ သို့မဟုတ် တရားရုံးများသည် ဖမ်းဆီးခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုသော်လည်းကောင်း၊ မျှတသော တရားစီရင်မှုဆိုင်ရာ စံနှုန်းများကိုသော်လည်းကောင်း အတိအကျလိုက်နာခြင်း မရှိသောအခါ ရှေ့နေများသည် ရှေ့တော်သွင်းစာချွန်တော် အမိန့်လျှောက်လွှာများကို ချက်ချင်းတင်သွင်းသင့်ပါသည်။ လျှောက်ထားမှုအရေအတွက် များပြားသောအခါ တရားလွှတ်တော်ချုပ် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များအနေဖြင့် ၎င်းတို့၏တာဝန်ကို ဖြည့်ဆည်းဆောင်ရွက်ရန် ပို၍ တွန်းအားဖြစ်စေနိုင်ပါသည်။ ထိုသို့မဟုတ်လျှင် ၎င်းတို့၏ ဆောင်ရွက်ပေးရန် ပျက်ကွက်မှုက မျှတသောတရားစီရင်မှုဆိုင်ရာ ရရှိခွင့်အား ချိုးဖောက်ခြင်းများ၏ မှတ်တမ်းတစ်ခု ဖြစ်လာပါမည်။

### ၂.၂။ တားမိန့်များ

အင်္ဂလိပ်ရိုးရာဥပဒေကျင့်သုံးသော နိုင်ငံများတွင် တွေ့ရလေ့ရှိသည့် အခြားသောကုစားမှုများမှာ တားမိန့်များ ဖြစ်ပြီး ၎င်း၏အမိကအာဏာများ အထူးသဖြင့် အမှုခေါ် စာချွန်တော်အမိန့် (Certiorari)နှင့် တားမြစ်စေစာချွန်တော်အမိန့် (Prohibition)တို့၏ အာဏာများအပြင် တရားရုံးများသည် အုပ်ချုပ်ရေးအဖွဲ့အား ဥပဒေနှင့်ဆန့်ကျင်၍ ဆက်လက်ဆောင်ရွက်နေခြင်းမှာ တားမြစ်သော အမိန့်တစ်ရပ်ထုတ်နိုင်သည် သို့မဟုတ် ပြန်လည်ပြင်ဆင်နိုင်ခြင်းမရှိသော ထိခိုက်မှုကို တားဆီးကာကွယ်ရန်အရေးပေါ် ကြားဖြတ်တားမိန့်တစ်ရပ် ထုတ်နိုင်သည်။

တားမိန့်ဆိုသည်မှာ တစ်စုံတစ်ဦးအား အချို့သောလုပ်ရပ်များ ပြုလုပ်ရန် သို့မဟုတ် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် စေခိုင်းသော တရားရုံးအမိန့်တစ်ခုအဖြစ် ဥပဒေဆိုင်ရာနှင့် သာတူညီမျှမှုဆိုင်ရာ ကုစားမှုတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့အရ ယာယီတားမိန့်တစ်ရပ် လျှောက်ထားနိုင်ပြီး ၁၈၇၇ ခုနှစ် သီးခြားသက်သာခွင့်အက်ဥပဒေ Specific Relief Act 1877 အရ အမြဲတမ်းတားမိန့်တစ်ရပ် လျှောက်ထားနိုင်ပါသည်။

40 Global Justice Centre. 'The 2008 Constitution Breaches Myanmar/Burma's Binding Obligations under International Law Including the United Nation's Charter' (November 2012).

41 မြန်မာနိုင်ငံတွင် ရှေ့တော်သွင်းစာချွန်တော်အမိန့်အကြောင်း လေ့လာသုံးသပ်ချက်အတွက် International Commission of Jurists, Handbook on Habeas Corpus (Geneva 2016) ကို ကြည့်ပါ။ https://www.icj.org/myanmar-writ-of-habeas-corpus-can-help-protect-human-rights/ တွင် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ရှုနိုင်သည်။

၎င်းအား ပဋိညာဉ်ဥပဒေကို ရည်ညွှန်း၍ ကျင့်သုံးလေ့ရှိပါသည်။ တားမြစ်မိန့်များအား ဥပဒေ သို့မဟုတ် အခွင့်အရေးများ အနာဂတ်တွင်ချိုးဖောက်မှုများကို တားဆီးကာကွယ်ရန် အသုံးပြုနိုင်ပြီး ယခင်ချိုးဖောက်မှုများကိုလည်း ပြင်ဆင်ပေးနိုင်ပါသည်။ လိုက်နာရန် ပျက်ကွက်သူသည် ပြစ်မှု သို့မဟုတ် တရားမပြစ်ဒဏ်များ ကျခံရမည်ဖြစ်ပြီး တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စွဲချက်တင်ခံရနိုင်ပါသည်။

## ၂.၃။ တရားမတောင်းဆိုမှုများ

မြေယာဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများအရအစိုးရတွင် တာဝန်ဝတ္တရားများ ရှိနေသော်လည်း အဆိုပါဥပဒေများတွင် လျော်ကြေးအတွက် တရားစွဲဆိုခွင့်ကို အတိအလင်းပေးအပ်ထားခြင်းမရှိပါ။ သို့သော် ရှေ့နေများသည် ပြည်တွင်းတရားဥပဒေနှင့်တောင်းဆိုမှုကို အသုံးပြုနိုင်ပြီး ဥပမာအားဖြင့် ခံစားရသောနစ်နာမှုများအတွက် အင်္ဂလိပ်ရိုးရာဥပဒေအရ တာဝန်ပျက်ကွက်မှုဖြစ်သည်။ တာဝန်ပျက်ကွက်မှုသည် တူညီသောအခြေအနေများတွင် ထိုက်သင့်သော ပုဂ္ဂိုလ်တစ်ဦးက ဆောင်ရွက်ခဲ့လိမ့်မည်ဖြစ်သော ဂရုပြုမှုကိုဆောင်ရွက်ရန် တရားပြိုင်၏ ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်စေခဲ့သောထိခိုက်မှုအတွက် တရားစွဲဆိုခွင့်ပေးပါသည်။ယေဘုယျအားဖြင့် တရားလိုက ပူးတွဲတင်ပြသော သို့မဟုတ် အားကိုးအားထားပြုသော လိုအပ်သော စာရွက်စာတမ်းများ၊ တရားရုံး ရုံးခွန်တံဆိပ်ခေါင်းများနှင့် တရားရုံးမှတ်ပုံတင်ဌာနသို့ ပေးသွင်းရသော သမ္မာန်စာဆင့်ခေါ် စာချမ်းများနှင့်တကွ တိုင်ကြားချက်တစ်ခုကို အရည်အချင်း ပြည့်မီသောမူလတရားရုံးသို့[42] တင်သွင်းခြင်းအားဖြင့် တရားမမှုများကို စတင်ဆောင်ရွက်ကြပါသည်။ တိုင်ကြားစာတွင် ပါဝင်သင့်သည့်အချက်များကို တရားမကျင့်ထုံးဥပဒေ၏ အမိန့် ၇ တွင် ဖော်ပြထားပါသည်။ ၎င်းတို့တွင် တရားလိုနှင့် တရားပြိုင်များ၏ အသေးစိတ်အချက်အလက်များ၊ တောင်းဆိုမှုနှင့်ပတ်သက်၍ ရေးသားဖော်ပြချက်နှင့် တောင်းခံသော သက်သာခွင့်၊ တရားမမှုတန်ဖိုးနှင့် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်သော အချိန်ကာလတို့ ပါဝင်ပါသည်။ တိုင်ကြားမှုအား တရားလိုကသော်လည်းကောင်း၊ ၎င်း၏ ရှေ့နေကသော်လည်းကောင်း တင်သွင်းနိုင်ပါသည်။

တိုင်ကြားမှုနှင့် ပူးတွဲတင်ပြသောစာရွက်စာတမ်းများကို ရရှိပြီးနောက် တရားရေးအရာရှိသည် ၎င်းတို့အား စစ်ဆေးပြီး သက်ဆိုင်ရာတရားရုံးတရားသူကြီးများ၏ အကြီးအကဲထံ သဘောထားမှတ်ချက်များနှင့်တကွ ပေးပို့ကာ တရားမမှုအဖြစ် မှတ်ပုံတင်ထားရမည်။ တရားသူကြီးများ၏ အကြီးအကဲသည် ထိုအမှုကို စစ်ဆေးစီရင်မည့် လက်အောက်ခံတရားသူကြီးများထံ ဖြန့်ဝေပေးရပါသည်။ စစ်ဆေးစီရင်သောတရားသူကြီးက တရားပြိုင်ကို သမ္မာန်စာဖြင့် ဆင့်ခေါ်ရမည်ဖြစ်ပြီး ထိုတရားပြိုင်သည် တရားလိုကပြုလုပ်ထားသော တောင်းဆိုချက်များအပေါ် ဝန်ခံနိုင်သည် သို့မဟုတ် စာဖြင့်ရေးသားထားသော ထွက်ဆိုချက်ပြုလုပ်နိုင်သည် သို့မဟုတ် ဆန့်ကျင်တောင်းဆိုမှုများဖြင့် ပြန်လည်ချေပလွှာ တင်သွင်းနိုင်ပါသည်။

တရားစွဲဆိုမှုများ၏ မည်သည့်အဆင့်တွင်မဆို တရားလို သို့မဟုတ် တရားပြိုင်သည် တားမြစ်မိန့်များကဲ့သို့ ယာယီကုစားမှုများကို တရားသူကြီးထံ လျှောက်ထားနိုင်ပါသည်။ တရားလိုနှင့် တရားပြိုင် မည်သည့်ဘက်မှမဆို ဆက်စပ်သော စာရွက်စာတမ်းများ ရှာဖွေစစ်ဆေးပေးရန်အတွက် လျှောက်ထားမှုတစ်ရပ်ရပ်ပြုလုပ်နိုင်ပြီး အခြားတစ်ဖက်အား အမှု၏ အချက်အလက်များနှင့်ပတ်သက်၍ စာဖြင့် မေးခွန်းများမေးမြန်းနိုင်ပါသည်။ တရားရုံးက တရားလိုနှင့်တရားပြိုင် တစ်ဖက်ဖက်အား စာရွက်စာတမ်းများ ဖွင့်ဟထုတ်ဖော်ရန်နှင့် အမှု၏အချက်အလက်များနှင့်ပတ်သက်၍ ကျမ်းကျိန်လွှာများဖြင့် တင်သွင်းရန်ညွှန်ကြားနိုင်ပါသည်။

ထို့နောက် တရားသူကြီးသည် တရားစွဲဆိုမှု၏ ပထမဆုံးကြားနာစစ်ဆေးမှုတွင် ဥပဒေငြင်းချက်များ ထုတ်ပါသည်။ တရားစွဲဆိုမှုတွင်ပါဝင်သူများနှင့် ၎င်းတို့၏ သက်သေများအား တရားရုံးရှေ့မှောက်တွင် ထွက်ဆိုချက်များ တင်ပြ

42 မူလတရားရုံးများသည် အမှုတန်ဖိုး သိန်း ၁၀၀ (သို့မဟုတ် ကျပ် ၁၀သန်း) ထက်မကျော်သော တရားမမှုများအတွက် မြို့နယ် တရားရုံးများ သို့မဟုတ် အမှုတန်ဖိုး သိန်း ၁၀၀ ထက်ကျော်ပြီး သိန်း ၁၀၀၀၀(သို့မဟုတ် ကျပ် သန်းတစ်ထောင်)ထက်မကျော်သော အမှုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ၏တရားရုံးများနှင့်ခရိုင်တရားရုံးများ ဖြစ် သည်။ သိန်း ၁၀၀၀၀(သို့မဟုတ် ကျပ် သန်းတစ်ထောင်) ထက်ကျော်သောအမှုများအတွက် မူလတရားရုံးများသည် တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ၏ တရားလွှတ်တော်များ ဖြစ်သည်။

စေခြင်းအားဖြင့် အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းနှင့် ပြန်ရှင်းစစ်မေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ သက်သေပြရန် တာဝန်သည် တရားလိုပေါ်တွင် အမြဲရှိပြီး (ရာဇဝတ်ဥပဒေတွင် သတ်မှတ်ထားသော သက်သေဆိုင်ရာ လိုအပ်ချက်ထက်ပို၍နည်းသည့်) မှန်နိုင်ခြေအနည်းအများကို အခြေခံ၍ အမှုကိုသက်သေပြရန်ဖြစ်ပါသည်။ ကြားနာမှုများနှင့် စစ်ဆေးစီရင်မှုအဆုံးတွင် အပြီးသတ်လျှောက်လဲချက်များတင်ပြပြီးနောက် တရားရုံးက အပြီးသတ်စီရင်ချက်နှင့် ဒီကရီကို ချမှတ်ပါမည်။ အကယ်၍ တရားရုံးက တရားလို၏တရားစွဲဆိုချက်ကို ပယ်ချခဲ့လျှင် တရားလိုသည် အနီးဆုံးပိုမိုအဆင့်မြင့်သော တရားရုံးမှစတင်၍ တရားလွှတ်တော်ချုပ်အထိ အယူခံဝင်နိုင်ပါသည်။

## ၂.၃.၁။ ကာလစည်းကမ်းသတ်များနှင့်တရားစွဲဆိုရန်အကြောင်းများ

မဟာဗျူဟာမြောက်တရားစွဲဆိုမှု ပြုလုပ်သည့်ရှေ့နေများသည် တိုတောင်းသောကာလသတ်မှတ်ချက်ကို ပြစ်ဒဏ်ချမှတ်ဖို့ရန် အဓိပ္ပာယ်ကောက်ယူခဲ့ပြီး ကောင်းစွာနားလည်ထားခြင်းမရှိသော ၁၉၀၉ခုနှစ်၊ ကာလစည်းကမ်းသတ်အက်ဥပဒေ[43] ၏ တာဝန်ပေါ့လျော့မှုနှင့်ပတ်သက်သော အခြေအနေများကို သတိပြုရမည်ဖြစ်ပါသည်။ ထိုကာလကန့်သတ်မှတ်ချက်များကြောင့် အမှုများအား တရားရုံးတွင်ကြားနာခြင်းမှ ကန့်သတ်တားမြစ်နိုင်ပါသည်။ ထို့ကြောင့် ရှေ့နေ များသည် တရားစွဲဆိုရန်အကြောင်း၊ ထိခိုက်မှုအမျိုးအစားနှင့် အက်ဥပဒေအရ သက်ဆိုင်ရာကာလ စည်းကမ်းသတ် (ပုဂ္ဂိုလ်ရေးထိခိုက်မှုကို တစ်နှစ်အတွင်းတရားစွဲဆိုခွင့်ပြုပြီး တာဝန်ပေါ့လျော့မှုအတွက် နှစ်နှစ်အတွင်း တရားစွဲဆိုခွင့်)တို့ကို အကျွမ်းတဝင်ရှိရမည်။ ထိုကာလနှစ်ခု လုံးသည် နိုင်ငံတကာစံနှုန်းအရ အလွန်တိုတောင်းပြီး တရားလိုများအား ၎င်းတို့၏ အမှုများကို ပြင်ဆင်ရန်နှင့် တရားရုံးသို့တင်ပြရန် လုံလောက်သောအချိန်ပေးနိုင်အောင် ပြင်ဆင်သင့်ပါသည်။

တရားမတောင်းဆိုမှုများဆောင်ရွက်သော ရှေ့နေများသည် ထိခိုက်နစ်နာမှုများနှင့် ကုစားမှုများအားလုံးကို ဖော်ထုတ်၍ ဖြစ်နိုင်သမျှတရားစွဲဆိုရန် အကြောင်းအမျိုးမျိုးကို ထည့်သွင်းစဉ်းစား၍ လျှောက်လဲတင်ပြသင့်ပါသည်။ တာဝန်ပေါ့လျော့မှုအပြင် တောင်းဆိုသူများသည် ပုဂ္ဂိုလ်ရေးထိခိုက်မှု၊ အများပြည်သူနှင့်/သို့မဟုတ် ပုဂ္ဂလိက အနှောင့်အယှက် ဖြစ်စေခြင်းနှင့် ပိုင်နက်ကျူးကျော်မှုနှင့် တင်းကြပ်သောတာဝန်ရှိမှု (Strict Liability) အတွက်လည်းကောင်း၊ လုပ်ရပ်များကို ရပ်စဲရန် တားမိန့်တစ်ခုအတွက်လည်းကောင်း တရားစွဲဆိုနိုင်ပြီး ၎င်းတို့အားလုံးသည် မြန်မာနိုင်ငံတရားရုံးများတွင် အကျုံးဝင်သော တရားမဥပဒေ၏ အသုံးများသော အခြေခံစည်းမျဉ်းများဖြစ်ပါသည်။

## ၂.၃.၂။ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုအားတရားစွဲခြင်း

လုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေသည် မရှင်းလင်းဘဲ နိုင်ငံပိုင်အဖွဲ့အစည်းများအပေါ် တရားမတောင်းဆိုမှုများတွင် အမှုသည်များအား ကိုယ်စားပြုရန်ကြိုးပမ်းနေသောရှေ့နေများအတွက် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေခဲ့ပါသည်။ (တရားမစွဲမီ ၂လကြိုတင်၍အစိုးရကို အသိပေးအကြောင်းကြားစာပေးပို့ရန်လိုအပ်သော)တရားမကျင့်ထုံးဥပဒေ၏ပုဒ်မ ၈၀ သည် နိုင်ငံပိုင်အဖွဲ့အစည်းများအပေါ် မည်သို့သက်ရောက်မှုရှိမည်မှာ မရှင်းလင်းပါ။[44]

---

43 ဥပမာ မြောင်းပြိုကျေးရွာမှ ရွာသူရွာသားများကတဖက်၊ Myanmar Pongpipat Company Limited နှင့် အမှတ်(၂)သတ္တုတွင်းလုပ် ငန်းကတဖက် ထားဝယ်တွင်ဖြစ်ပွားသောအမှု၌ တရားရုံးများသည် အက်ဥပဒေ၏ ပထမဇယား အပိုဒ် ၂၂ကို အခြေခံ၍ ဆုံးဖြတ်ခဲ့ ကြပြီး အပိုဒ် ၂၂ တွင် 'လူပုဂ္ဂိုလ်အပေါ်ထိခိုက်မှု (Injury to Person)' အား တစ်နှစ်အတွင်း တရားစွဲဆိုရမည်ဟု သတ်မှတ်ထား ပါသည်။ တရားလိုများ၏ အမှုတွင် နစ်နာမှုသည် ကိုယ်ခန္ဓာထိခိုက်မှုအတွက် တောင်းဆိုမှုများကို ဆိုလိုသော 'လူပုဂ္ဂိုလ်အပေါ် ထိခိုက်မှု'မဟုတ်ဘဲ၊ ပေါ့ဆသောလုပ်ရပ်ကြောင့်ဖြစ်ပေါ်လာသည့်ပစ္စည်းအပေါ်ထိခိုက်မှုနှင့်ပတ်သက်ပါသည်။ ထို့ကြောင့် အပိုဒ် ၂၂ သည် မှန်ကန်မှုရှိသောကာလကန့်သတ်ချက်မဟုတ်ပါ။ မှန်ကန်သော ကာလကန့်သတ်ချက်မှာ ပထမဇယားဒ အပိုဒ် ၃၆အရ နှစ်နှစ် ဖြစ်မည်ဖြစ်ပြီး အပိုဒ် ၃၆တွင် 'မတရားပြုခြင်း (Malfeasance)၊ အရှိန်အဝါအလွဲသုံးစားပြုမှု(Misfeasance)နှင့် တာဝန်ပျက်ကွက်မှု (Nonfeasance)' အတွက် နှစ်နှစ်ကန့်သတ်ကာလကို ခွင့်ပြုထားပါသည်။ ထို့ပြင် တရားရုံးသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၂၃အရ 'ဆက်လက်ကျူးလွန်ခြင်း (Continuing Wrongs)' ကိစ္စကို ကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းခဲ့ပုံမပေါ်ဘဲ ထိုအချက် သည် ကန့်သတ် ကာလအတွက် ဘယ်အချိန်မှ စတင်၍ရေတွက်ရမည်ကို အဆုံးအဖြတ်ပေးနိုင်ပါသည်။

44 ထို့ပြင် ထားဝယ်အမှုတွင် အကြောင်းကြားစာ၌လိပ်မူခြင်းခံထားရသူများနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အသေးစား ချွတ်ယွင်းချက်တစ်ခုကို တောင်းဆိုမှုကို ဟန့်တားနိုင်ပါသည်။

ရပ်ရွာလူထုများအတွက် တရားသဖြင့်ပြန်လည်ဖြစ်စေရန် နည်းလမ်းအဖြစ် တရားစွဲဆိုခြင်း၏ အကန့်အသတ်များကိုလည်း တရားမမှုများက ဖော်ပြနေပြီး ပြည်သူများစွာတို့သည် အမှုတစ်မှုကို တရားရုံးသို့ တင်ပြရန် ဆန္ဒမရှိဖြစ်နိုင်ပါသည်။ ထိခိုက်နစ်နာမှု ခံစားရသောသူများသည် ၎င်းတို့၏ အမည်များအား အမှုပေါ်တွင် ဖော်ပြခြင်းခံရရန် တရားပြိုင်သို့မဟုတ် အစိုးရကို ကြောက်ရွံ့နိုင်ကြပါသည်။ ထို့ကြောင့် ဤအချက်သည် အစိုးရနှင့်ကုမ္ပဏီတို့အား လူထုတစ်ရပ်လုံးအပေါ် ပိုမိုတရားမျှတစွာ တုံ့ပြန်ဆောင်ရွက်ရန် ဖိအားပေးမည်ဖြစ်သော တရားစွဲဆိုခြင်းမဟုတ်သည့် စည်းရုံးလှုံ့ဆော်ခြင်း၏ အရေးပါပုံကို ပြသနေပါသည်။

## ၂.၄။ ရာဇဝတ်မှုဆိုင်ရာဥပဒေ

မျှတသောတရားစီရင်မှုဆိုင်ရာ စံနှုန်းများကို မြန်မာနိုင်ငံတွင် တစ်သတ်မတ်တည်းလိုက်နာခြင်း မရှိသည့်အပြင် ပုံမှန်အားဖြင့် မျက်ကွယ်ပြုထားကြပါသည်။ တရားရုံးများသည် ယေဘုယျအားဖြင့် မျှတသောတရားစီရင်မှုဆိုင်ရာ စံနှုန်းများနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းနှင့် ဥပဒေတို့ကို ကျင့်သုံးရမည့်အစား တရားခွင်ကို ဆောင်ရွက်နေကျပုံစံ အတိုင်းသာ ဆောင်ရွက်ပါသည်။ ဥပမာအားဖြင့် အာဏာပိုင်များသည် ရှေ့နေများအား ဖမ်းဆီးခံထားရသော အမှုသည်များနှင့် တွေ့ဆုံခွင့်မပေးပါ သို့မဟုတ် ဥပဒေဆိုင်ရာကိုယ်စားပြုမှုရရှိခွင့် သို့မဟုတ် ခုခံကာကွယ်ပိုင်ခွင့်တို့ကို အခြားနည်းဖြင့် ချိုးဖောက်ကြပါသည်။ အာဏာပိုင်များသည် ရှေ့နေ-အမှုသည် ပြောဆိုမှုများ၏ လျှို့ဝှက်ထားရှိမှုကို ကာကွယ်သော၊ လေးစားသော အခြေအနေများတွင် ရှေ့နေ-အမှုသည် တွေ့ဆုံမှုများပြုလုပ်နိုင်အောင် ခွင့်ပြုပေးခြင်း သို့မဟုတ် သေချာစေခြင်းမရှိပါ။ အမှုသည်များ သို့မဟုတ် အမှုသည်များနှင့်ပတ်သက်နေသော အကြောင်းအရင်းများသည် အင်အားကြီးသူများ၏ အကျိုးစီးပွားအပေါ် ထိရှလွယ်သောအခါ ရှေ့နေများနှင့် ၎င်းတို့၏ အမှုသည်များသည် တရားရုံးလုပ်ငန်းစဉ်များတွင် ရည်ရွယ်ချက်ရှိသော နှောင့်နှေးကြန့်ကြာမှုများကို ရင်ဆိုင်ကြရပါသည်။ ပုံမှန်မဟုတ်သော ထိုအရာများအားလုံးကို ရှေ့နေများအနေဖြင့် တရားရုံးများရှေ့မှောက်တွင် စိန်ခေါ်မှုများ ပြုလုပ်သင့်ပါသည်။

### ၂.၄.၁။ တရားခွင်မတိုင်မီပြုလုပ်သော အဆိုများ

တရာခွင်းမတိုင်မီပြုလုပ်သော အဆိုများသည် ရှေ့နေများက အခွင့်အရေးချိုးဖောက်မှုများအတွက် တရားရုံးထံမှ ဥပဒေဆိုင်ရာကုစားမှု တောင်းဆိုနိုင်သော လက်တွေ့အစီအမံတစ်ခုဖြစ်ပြီး ထိုသို့တောင်းဆိုခြင်းအားဖြင့် ၎င်းတို့အမှုသည်၏ အခွင့်အရေးများကို အမှန်တကယ်ရရှိစေကာ ကာကွယ်ပေးရာလည်း ရောက်ပါသည်။[45] ရှေ့နေသည် အခွင့်အရေးချိုးဖောက်မှုကို တရားရုံးအားအသိပေးပြီး အမှုသည်အတွက် အချိန်မီကုစားမှုရယူပေးနိုင်ပါသည်။ တရားခွင်မတိုင်မီ ပြုလုပ်သောအဆိုများသည် တရားရေးစနစ်ကို တာဝန်ယူမှုရှိစေပြီး တရားစီရင်ရာတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးချင်းစီ၏ တာဝန်ရှိမှုကို ဖြည့်ဆည်းစေရန် သေချာစေပါသည်။

ရှေ့နေများသည် ၎င်းတို့အမှုသည်များ၏ ဥပဒေဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရန် တရားစွဲဆိုခြင်းသာမက သင့်လျော်သောလျှောက်ထားမှုများကို တရားရုံးထံတင်ပြခြင်းအားဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ၎င်းတို့ သည် တရားရုံးတွင် လုပ်ပိုင်ခွင့်အာဏာရှိကြောင်း အထောက်အထားပြသရန် တောင်းဆိုနိုင်ပြီး တရားစီရင်ခြင်း မတိုင်မီတွင် တရားသူကြီးက လုပ်ပိုင်ခွင့်အာဏာရှိကြောင်း အတည်ပြုရန် အခွင့်အရေးရရှိပါသည်။ နှုတ်ဖြင့် လျှောက်လဲချက်တွင် ရှေ့နေများက တရားသူကြီးအား တရားစီရင်ခြင်းမတိုင်မီပြုလုပ်သော အဆိုတစ်ခု၏ ခိုင်မာမှုနှင့်ရလဒ်ကို အဆုံးအဖြတ်ပေးသည်မှာ ၎င်းတို့၏ဥပဒေကို အဓိပ္ပာယ်ကောက်ယူမှုသာဖြစ်ပြီး ဥပဒေအေရာရှိများ၏ အဓိပ္ပာယ်ကောက်ယူမှု မဟုတ်ကြောင်း သတိပေးသင့်ပါသည်။

45 ပိုမိုသိရှိလိုပါက The International Legal Foundation, Measuring Justice: Defining and Evaluating Quality for Legal Aid Providers (November 2016) ကိုကြည့်ပါ။ http://theilf.org/wp-content/uploads/2011/08/ILF-Measuring-Justice-Report-FINAL.pdf တွင် ကြည့်နိုင်သည်။

တရားစီရင်ခြင်းမတိုင်မီ ပြုလုပ်သော အဆိုများကို အမှုသည်တစ်ဦးချင်းအတွက် တိကျသောကုစားမှုတစ်ရပ် တောင်းဆိုရန်အတွက် စေ့စပ်ဆောင်ရွက်နိုင်သည့်အပြင် မတရားဖမ်းဆီးခြင်း သို့မဟုတ် အနှောင့်အယှက်ဖြစ်စေပြီး မလျော်ကန်သောနည်းလမ်းဖြင့် သက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်းကဲ့သို့သော စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော ချိုးဖောက်မှုများကို ဖြေရှင်းရန်အတွက်လည်း တရားခွင်မတိုင်မီ အဆိုပြုသော အလေ့အထကို အသုံးပြုနိုင်ပါသည်။

**တရားခွင်မတိုင်မီ တရားရုံးထံ ပြုလုပ်သော အဆိုများ**

မြန်မာနိုင်ငံတွင် တရားခွင်မတိုင်မီ ပြုလုပ်သောအဆိုပြုချက်၏ဥပမာတစ်ခုတွင် ရှေ့နေများက ချုပ်မိန့်တောင်းခံသော ကြားနာစစ်ဆေးမှု၌ ရှေ့နေအကြံပေးပိုင်ခွင့် **(Right to Counsel)** အပေါ် အခြေခံ၍ စာဖြင့်ရေးသားထားသော အဆိုပြုချက်တစ်ခုကိုရေးဆွဲခဲ့ပြီး ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေကြောင်းအရ ခုခံချေပပိုင်ခွင့်၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေတွင် အတိအလင်းဖော်ပြထားသော ချုပ်မိန့်တောင်းခံသည့်အခါ ရှေ့နေအကြံပေးပိုင်ခွင့်၊ ခုခံချေပပိုင်ခွင့်ကို ရည်ညွှန်းသောရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသင်္ကာသူသည် ချုပ်မိန့်တောင်းခံမှုကို ဆန့်ကျင်၍ ကြားနာစစ်ဆေးခံပိုင်ခွင့်ရှိကြောင်းဖော်ပြထားသော တရားရုံးလက်စွဲစာအုပ်တို့တွင် ထိုရှေ့နေဖြင့် အကြံပေးပိုင်ခွင့်များနှင့်ပတ်သက်၍ ထောက်ခံထားပါသည်။

ရှေ့နေများက ချုပ်မိန့်တောင်းခံသောကြားနာစစ်ဆေးမှုများကို တက်ရောက်ခဲ့ကြပြီး ချုပ်မိန့်တောင်းခံသော လျှောက်လဲချက်များအတွက် အမှုသည်ကို ကိုယ်စားပြုရန်၊ ကြားနာစစ်ဆေးမှုခံယူရန်နှင့် အာမခံတောင်းခံရန်နှင့် ရဲတပ်ဖွဲ့၏ အမှုတွဲမိတ္တူ ရရှိရန်၊ ရှေ့နေကိုယ်စားလှယ်လွှဲစာ လျှောက်ထားခြင်းနှင့် စာဖြင့်ရေးသားထားသောအဆိုပြုချက်များတင်သွင်းခြင်း စသည့်အထွေထွေလျှောက်ထားမှုများ ဆောင်ရွက်ရာတွင် တစ်ခေါက်နှင့်တစ်ခေါက် အောင်မြင်မှုအတိုင်းအတာများ ကွာခြားကြပါသည်။ ရှေ့နေများသည် ၎င်းတို့၏ ကိုယ်စားလှယ်လွှဲစာကို ရဲတပ်ဖွဲ့၏ အမှုတွဲတွင် ပူးတွဲပေးရန် တောင်းဆိုခဲ့ကြပြီး ၎င်းတို့၏ မဟာဗျူဟာမြောက် ကြားဝင်ဆောင်ရွက်မှုကို မှတ်တမ်းတင်ရန်အလို့ငှာ ထိုအမှုတွဲအား တရားရုံးအမှုတွဲတွင် ထည့်သွင်းမည်ဖြစ်ပါသည်။ ထိုတူညီသောနည်းလမ်းကိုပင် ဥပမာအားဖြင့် သက်သေအထောက်အထား ဖွင့်ဟထုတ်ဖော်ခြင်းနှင့် ရယူနိုင်ခြင်းအပြင် အာမခံစည်းကမ်းချက်များ အစရှိသော ကိစ္စရပ်များတွင်လည်း ကျင့်သုံးနိုင်ပါသည်။[47]

## ၂.၄.၂။ ရာဇဝတ်မှုမြောက်သောကျော်နင်းမှု

စစ်တပ် သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီများကိုယ်စား အစိုးရက တရားမဝင် မြေသိမ်းယူမှုကြောင့် ဒေသခံ ပြည်သူများအား ၎င်းတို့၏ ကိုယ်ပိုင်မြေပေါ်တွင် ရာဇဝတ်မှုမြောက်သောကျော်နင်းမှုဖြင့် တရားစွဲဆိုခံကြရကြောင်း အရပ်ဘက်အဖွဲ့အစည်းများစွာက ဆိုပါသည်။[46] အစိုးရအားလုံးသည် အများပြည်သူအကျိုးငှာ မြေသိမ်းယူနိုင်သော်လည်း ထိုသို့သိမ်းယူခြင်းအား မသိမ်းယူခင် လျော်ကြေးနှင့် ပြန်လည်နေရာချထားပေးခြင်း အစီအစဉ်များ သတ်မှတ်ပေးသော ဆွေးနွေးတိုင်ပင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဥပဒေဆိုင်ရာလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရပါမည်။ ထိုသို့မဟုတ်ပါက ထိုလုပ်ငန်းစဉ်သည် လူ့အခွင့်အရေးချိုးဖောက်မှုမြောက်သော အတင်းအဓမ္မနှင်ထုတ်ခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေအပြင် ယေဘုယျအားဖြင့် ပြည်တွင်းဥပဒေကိုပါ ချိုးဖောက်ရာရောက်ပါသည်။[47]

46 ဥပမာ Human Rights Watch, The Farmer Becomes the Criminal: Land Confiscation in Burma's Karen State (2016) ကို ကြည့်ပါ။ https://www.hrw.org/sites/default/files/report_pdf/burma1116_web_0.pdf တွင်ကြည့်နိုင်သည်။

47 မြန်မာနိုင်ငံ၏ မြေသိမ်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ အပြည့်အဝသိရှိလိုပါက International Commission of Jurists, Special Economic Zones in Myanmar and the State Duty to Protect Human Rights (Geneva 2017) ကို ကြည့်ပါ။ https://www.icj.org/myanmar-amend-special-economic-zones-law-to-protect-human-rights-new-icj-report/တွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ရှုနိုင်သည်။

မြန်မာနိုင်ငံတွင် စီရင်ထုံးများအဖြစ်အသုံးပြုနိုင်သည့် ရေးသားမှတ်တမ်းတင်ထားသောအမှုများကို ရယူရန် ခက်ခဲသော်လည်း အစိုးရကမူလမြေသိမ်းယူမှု၏တရားဝင် ဖြစ်မှုကိုစိန်ခေါ်ခြင်းအားဖြင့် ရာဇဝတ်မှုမြောက်သော ကျော်နင်းမှုစွဲချက်များမှ အမှုသည်များကို ကာကွယ်ပေးသော ရှေ့နေများ၏ ပြန်လည်ပြောပြမှုများရှိပါသည်။ အကယ်၍ ၁၈၉၄ ခုနှစ် မြေသိမ်း အက်ဥပဒေအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် လျော်ကြေးပေးခြင်းတို့ဖြင့် မြေကိုဥပဒေနှင့် အညီ သိမ်းယူခဲ့ခြင်း မဟုတ်ပါက ရှေ့နေများသည် ၎င်းတို့၏အမှုသည်မှာ တရားဝင်ပိုင်ရှင်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ၎င်းအား ကျော်နင်းမှုဖြင့် စွဲချက်မတင်နိုင်ကြောင်း ထောက်ပြပြောဆိုပါသည်။ ဤသို့ထောက်ပြချက်ကြောင့် ဥပမာအားဖြင့် ပဲခူးတွင် လယ်သမားများအား ကျော်နင်းမှုမှ အပြီးအပြတ်လွှတ်ပေးခဲ့သော်လည်း[48] ၎င်းတို့၏ မြေကိုတော့ ပြန်လည်ပေးအပ်ခြင်း မရှိခဲ့ပါ။

သီလဝါတွင် ပြစ်မှုမြောက်သောကျော်နင်းမှုဖြင့် စွဲချက်တင်ခံရသော လယ်သမား ၃၃ ဦးအတွက် ရှေ့နေများက မြေသည် ၎င်းတို့အမှုသည်များ၏ လက်ရှိဆက်လက်ဖြစ်ကြောင်း အလားတူ ထောက်ပြခဲ့ပါသည်။[49] သို့သော် မြေသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း အစိုးရက အသိအမှတ်ပြုခဲ့သည့်တိုင် တရားရုံးက အကျိုးသင့်အကြောင်းသင့် ရှင်းလင်းမပြနိုင်ဘဲလယ်သမားများအား ကျော်နင်းမှု ကျူးလွန်ကြောင်း တွေ့ရှိခဲ့သည်ဟုဆိုပါသည်။[50] ဤသို့အသိအမှတ်ပြုပြီးနောက် လယ်သမားများအတွက် ရှေ့နေများက စွဲချက်များကို ပယ်ဖျက်ပေးရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ထံ လျှောက်ထားခဲ့သော်လည်း လျှောက်ထားချက်အား မည်သည့်ဥပဒေဆိုင်ရာ အကြောင်းအရင်းမျှမပေးဘဲ ခြုံငုံ၍ပယ်ချခဲ့ပါသည်။

ဥပဒေစနစ်သည် ရှင်းလင်းမှုမရှိဘဲ ဆန့်ကျင်ကွဲလွဲနေသော်လည်း မြေသိမ်းလုပ်ငန်းစဉ်၏ တရားဝင်ဖြစ်မှုကို စိန်ခေါ်မေးခွန်းထုတ်ခြင်းသည် အမှုတစ်ခုအတွက် လှုပ်ရှားမှုမှ တစ်နိုင်ငံလုံးတွင် လှုပ်ရှားမှုများဖြစ်ပေါ်လာသည်အထိ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းလှုပ်ရှားမှု၏ အခြေခံဖြစ်နိုင်ပါသည်။ ရှေ့နေများသည် ဒေသခံပြည်သူများက အစိုးရက ဥပဒေကို လိုက်နာပေးရန် တောင်းဆိုလာနိုင်အောင် ၎င်းတို့၏ ဥပဒေအကြောင်း သိရှိနားလည်မှုမြှင့်တင်ရန်နှင့် ဆောင်ရွက်နိုင်စွမ်းမြှင့်တင်ပေးရန် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ အစိုးရအနေဖြင့် မြေသိမ်းယူရာတွင် ဥပဒေနှင့်အညီလိုက်နာရမည်ဟူသော ဖိအားကို ခံစားရစေရန်အပြင် စီးပွားရေးလုပ်ငန်းများကလည်း ၎င်းတို့၏ လုပ်ငန်းများသည် တရားမဝင်မြေသိမ်းယူမှုများကို အားပေးခြင်း၊ ဆောင်ရွက်နိုင်စေခြင်း သို့မဟုတ် အခြားနည်း ပါဝင်ဆောင်ရွက်ခြင်း မရှိစေရန် မီဒီယာမဟာဗျူဟာက သေချာစေပါသည်။ ရှေ့နေများအနေဖြင့် ဤမဟာဗျူဟာနှင့် ဥပဒေဗျူဟာအမျိုးအစားကို ကျင့်သုံးနိုင်ရန်ရှေ့နေများနှင့် NGO များက တစ်သတ်မတ်တည်းဖြစ်သော တရားရုံးမှတ်တမ်းမရှိသည့် ခြေအနေကိုကျော်လွှားရန် သတင်းအချက်အလက်များနှင့် အမှုတွဲဖိုင်များကို မျှဝေရန် လိုအပ်ပါသည်။

48 ဦးအောင်ကျော်မြင့်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် ရန်ပိုင်စိုး - ပြစ်မှုအမှတ် ၄၄၇၉၊ ပဲခူးမြို့နယ်တရားရုံး၊ ၂၀၁၃ခုနှစ် (အမှုနှင့်ပတ်သက်သော အချက်လက်များ ICJ တွင် ရှိသည်)။

49 ဥပမာအားဖြင့် Earth Rights International (ERI) သည် မြန်မာနိုင်ငံအစိုးရက သိမ်းယူခဲ့သော လူနေနှင့် လယ်ယာမြေများကို သီလဝါ အထူးစီးပွားရေးဇုန်အတွက် သိမ်းယူခဲ့ပြီး မြန်မာနိုင်ငံဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်ချက်များကို လျစ်လျူရှုခဲ့ကြောင်း သိရှိနားလည်ကြစေရန် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုကို အခြားသောအရပ်ဘက်လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများနှင့် တကွ ပံ့ပိုးကူညီခဲ့ပါသည်။ ၎င်းတို့၏ လှုပ်ရှားမှုတွင် ပြည်တွင်းနှင့်နိုင်ငံတကာမှ ရှေ့နေများ၊ နိုင်ငံတကာနှင့် ပြည်တွင်းNGOများနှင့်CSO များ အပြင် ထိခိုက်နစ်နာသောဒေသခံလူထုအတွက်စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ပါဝင်ခဲ့ပါသည်။

50 ဤအမှုနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက Earth Rights International, Press Release: Myanmar Farmers Convicted in Major Land Rights Case ကို ကြည့်ပါ။ https://earthrights.org/media/myanmar-farmers-convicted-major-land-rights-case/ တွင် ကြည့်နိုင်သည်။

## အပိုင်း ၃ - မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုရန် စီစဉ်ခြင်း

အများပြည်သူအကျိုးငှာ စည်းရုံးလှုံ့ဆော်ခြင်းနှင့်ဆက်စပ်၍ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးစအဆင့်သာ ရှိပါသေးသည်။ တရားမျှတမှုမရှိသော ဥပဒေများ၊ မူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်းကို စိန်ခေါ်ရန် တရားရုံးများအား အသုံးပြုခြင်းမရှိခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာရှည်နေပြီဖြစ်ပါသည်။ ဥပဒေပညာကို စနစ်ကျကျအား နည်းစေခဲ့ပြီး အရင်းအမြစ်များလည်း လုံလောက်အောင် ပံ့ပိုးလာခဲ့ခြင်း မရှိသောကြောင့် လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် အပြောင်းအလဲအတွက် စည်းရုံးလှုံ့ဆော်သူများအဖြစ် ရှေ့နေများ၏အခန်းကဏ္ဍကို ပြင်းပြင်းထန်ထန် အဟန့်အတားဖြစ်စေပါသည်။ ရှေ့လျှောက်တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ငြင်းဆိုခြင်းမရှိဘဲ ဤလက်စွဲစာအုပ်တွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းက အပြောင်းအလဲဖြစ်လာအောင် ပံ့ပိုးနိုင်မည့် နယ်ပယ်များကို မီးမောင်းထိုးပြ၍ အဆိုပါအခြေခံပြဿနာအချို့ကို ဖြေရှင်းနိုင်ဖွယ်ရှိသည့် လမ်းကြောင်းများ ပေးအပ်ထားပါသည်။

### ၃.၁။ လက်တွေ့ဆောင်ရွက်ရန်အဆင့်များနှင့် ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများ

အခြေအနေတိုင်းသည် ကွဲပြားမှုရှိပြီး ပါဝင်သည့် လှုပ်ရှားမှုဗျူဟာများ မတူညီကြသောကြောင့် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအား သေချာပေါက်အောင်မြင်စေရန်အတွက် ပုံသေနည်းမရှိပါ။ သို့သော် နိုင်ငံတကာမှအကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် အတွေ့အကြုံတို့အပေါ် အခြေခံ၍ လမ်းညွှန်ပေးနိုင်မည့် အခြေခံစည်းမျဉ်းများနှင့် လက်တွေ့ထည့်သွင်းစဉ်းစားရမည့် အချက်များ ရှိပါသည်။ ၎င်းတို့သည် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ အကောင်းဆုံးရလဒ်များ ရရှိစေရန်နှင့် ရေရှည်တည်တံ့မှုရှိစေရန် ပေါင်းစပ်ထည့်သွင်းရမည့် မရှိမဖြစ်အစိတ်အပိုင်းများဖြစ်ပါသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် ရေရှည်စီမံကိန်းချရန် လိုအပ်ပါသည်။ မဟာဗျူဟာမြောက်လှုပ်ရှားမှု၏ အချိန်ကိုက်မှု၊ စီစဉ်ဆောင်ရွက်မှုနှင့် အသေးစိတ်ကျမှုတို့က အရေးကြီးပါသည်။

နိုင်ငံတကာမှ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများအရ အောက်ပါအဓိကအချက်များသည် မဟာဗျူဟာမြောက်တရားစွဲ ဆိုခြင်းလှုပ်ရှားမှုများအတွက် အရေးကြီးပါသည်။ အောက်ပါစာရင်းအား မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း ဆောင် ရွက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့်အဆင့်များ စာရင်းအဖြစ် အသုံးပြုနိုင်ပါသည် -

၁။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း ကွန်ရက်တစ်ခု ဖန်တီးခြင်း။

၂။ ဖြစ်နိုင်ချေရှိသော နစ်နာသူများ/ နစ်နာသူများရွေးချယ်မှုအား အကဲဖြတ်ခြင်း။

၃။ သက်သေအထောက်အထား ရယူခြင်း/ဥပဒေဆိုင်ရာ/အချက်အလက်ဆိုင်ရာ သက်သေအထောက်အထား အားလုံးကို ကောက်ယူခြင်း။


၄။ ဘေးကင်းလုံခြုံမှု/ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ခြင်း။

၅။ တရားစွဲမည့်တရားရုံး ရွေးချယ်မှု/အမှုအား လက်ခံနိုင်ခြင်းဆိုင်ရာ ကိစ္စရပ်များ။

၆။ ဥပဒေစာတမ်းများ/ဥပဒေဆိုင်ရာ မဟာဗျူဟာပြင်ဆင်ခြင်း။

၇။ ဆန့်ကျင်လျှောက်လဲချက်များအတွက် အသင့်ပြင်ထားခြင်း/ကျွမ်းကျင်သူ အထောက်အပံ့ရယူခြင်း။

၈။ ပြည်တွင်း/နိုင်ငံတကာမီဒီယာနှင့် ထိတွေ့ဆက်ဆံခြင်း/မီဒီယာ/အများပြည်သူဆိုင်ရာ လှုပ်ရှားမှုစတင်ခြင်း။




## ၃.၁။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကွန်ရက်များ ဖန်တီးခြင်း

ရှေ့နေများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ထိခိုက်နာသောလူထုတို့အကြား ရေရှည်ကွန်ရက်တစ်ခုသည် အောင်မြင်သော တရားစွဲဆိုမှု၏ သော့ချက်ဖြစ်သည်။ ရှေ့နေများကွန်ရက်တစ်ခုနှင့် အထောက်အကူပေးနိုင်သော စည်းရုံးလှုံ့ဆော်ရေး ကွန်ရက်တစ်ခုတည်ထောင်ခြင်းသည် ရှုပ်ထွေးသောရေရှည်မဟာဗျူဟာကို အကောင်အထည်ဖော်ရန် မရှိမဖြစ် လိုအပ်ကြောင်း အတွေ့အကြုံက ပြသနေပါသည်။ အခမဲ့ **(pro bono)** အလုပ်ကို ဝိုင်းဝန်းဆောင်ရွက်ရန်၊ အရင်းအမြစ်များမျှဝေရန်နှင့် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကို စီစဉ်ဆောင်ရွက်ရန် အကြီးတန်းနှင့် အငယ်တန်း ရှေ့နေများအပြင် CSO ကိုယ်စားလှယ် များပါဝင်သောပြည်နယ်၊ တိုင်းဒေသကြီး သို့မဟုတ် နိုင်ငံတော်အဆင့်ကွန်ရက်များအတွက် မြန်မာနိုင်ငံတွင်အထောက်အပံ့ ရှိပါသည်။ ထိုကွန်ရက်များတွင် အကြီးတန်းနှင့် အငယ်တန်း၊ အမျိုးသမီးနှင့် အမျိုးသားအပြင် ဒေသန္တရ၊ တိုင်းဒေသကြီးနှင့် နိုင်ငံတော်အဆင့် ရှေ့နေများပါဝင်ရန် လိုအပ်ပါသည်။ အဓိကကျသည့် အချက်မှာ အဆိုပါပုဂ္ဂိုလ်များသည် ဘာသာစကား၊ ယုံကြည်မှုနှင့် ဒေသန္တရဗဟုသုတတို့မှတစ်ဆင့် ဒေသခံရပ်ရွာလူထု များနှင့် ချိတ်ဆက်မှု တည်ဆောက်ရန်ဖြစ်သည်။ အဆိုပါ ကွန်ရက်များ၏ အဓိကထားရမည့်အချက်မှာ အများပြည်သူ အကျိုးငှာ ရှေ့နေများအချင်းချင်း ယှဉ်ပြိုင်ခြင်းအစား ပူးပေါင်းဆောင်ရွက်ခြင်းကို အားပေးရန်ဖြစ်သည်။ အဆိုပါကွန်ရက် များသည် လက်ဦးမှုရယူဆောင်ရွက်မှုများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အကောင်းဆုံးလုပ်ထုံး လုပ်နည်းများ မျှဝေခြင်း

တို့တွင် အထောက်အကူပြုနိုင်ပါသည်။[51]

ရှေ့နေများအနေဖြင့် အခြားသောရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများ ရေးဆွဲလာနိုင်သည်မှာ သို့မဟုတ် အထောက်အပံ့ကွန်ရက်များ တည်ဆောက်လာနိုင်သည်မှာ သိပ်မကြာသေးပါ။ ရှေ့နေများစွာသည် ၎င်းတို့၏ အသံများကို ရယူရန်၊ တရားဝင်ဖြစ်ရန်နှင့် အများပြည်သူအကျိုးကို ဆောင်ရွက်ပေးရန် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လက်တွဲလုပ်ကိုင်ခြင်းကြောင့် ရရှိလာနိုင်သော အားသာချက်များနှင့် မရင်းနှီးခဲ့ကြပါ။ အလားတူပင် အရပ်ဘက်အဖွဲ့အစည်းများ(CSO များ)ကလည်း ရှေ့နေများနှင့် ဥပဒေဆိုင်ရာစည်းရုံးလှုံ့ဆော်မှု၏ တန်ဖိုးရှိနိုင်သော အခန်းကဏ္ဍကို အပြည့်အဝ မယုံကြည့်ခဲ့ကြပါ သို့မဟုတ် မထိတွေ့ခဲ့ကြပါ။

CSO များသည် ပုံမှန်အားဖြင့် နိုင်ငံတကာ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုကို ပံ့ပိုးနိုင်စွမ်းနှင့်ပတ်သက်၍ ကောင်းစွာသိရှိနားလည်ထားကြပါသည်၊ CSO များသည် ယုံကြည်မှုကို အခြေခံ၍ နှစ်ပေါင်းများစွာ တည်ဆောက်လာခဲ့သော အရေးပါသည့် လူထုကွန်ရက်များမှတဆင့် ချိတ်ဆက်မှုအလွန်ကောင်းကြပါသည်။ ၎င်းတို့သည် လက်တွေ့ဆောင်ရွက်နေဆဲ လှုပ်ရှားမှုများရှိသည့်အပြင် ဥပဒေပြုပြင်ပြောင်းလဲရေး အထူးသဖြင့် မြေယာဥပဒေပြုပြင်ပြောင်းလဲရေးတွင် ဦးဆောင်၍ ဆောင်ရွက်နေကြပါသည်။ မြန်မာနိုင်ငံရှိ အစိုးရအစီအစဉ်များပြောင်းလဲလာမှုများ တုံ့ပြန်သည့်အနေဖြင့် အချို့သောအရပ်ဘက်လှုပ်ရှားဆောင်ရွက်သူများသည် အစိုးရ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ခြင်းနှင့် ဒီမိုကရေစီနည်းလမ်းအရ စည်းရုံးလှုံ့ဆော်ခြင်း အခန်းကဏ္ဍကို လက်ခံလာခဲ့ကြပါသည်။ ရှေ့နေများသည် CSO များအတွက် ဥပဒေဆိုင်ရာစွမ်းဆောင်ရည် တည်ဆောက်ပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ပြီး CSO များသည် ရှေ့နေများနှင့် အတူလက်တွဲ၍ နိုင်ငံရေးနှင့် လူမှုရေးစည်းရုံးလှုံ့ဆော်မှုကို ဆက်လက်ဆောင်ရွက်ကာ ဥပဒေဆိုင်ရာ မဟာဗျူဟာတစ်ရပ် ရေးဆွဲနိုင်ပါသည်။

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအတွက် အရေးပါသော အခွင့်အလမ်းတစ်ခုသည် လှုပ်ရှားမှုများကို ပံ့ပိုးရန်ဆန္ဒရှိသော NGO များတွင် ရှိနေပါသည်။ အချို့သော NGO များသည် ရှေ့နေများ၊ ဒေသန္တရ CSO များနှင့် ထိခိုက်နစ်နာသော လူထုများအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးတို့ဖြင့် အကူအညီပေးနိုင်ပါသည်။[52] ပြည်တွင်းနှင့် နိုင်ငံတကာအဆင့်ဥပဒေတွင် ဥပဒေ၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပုံမှန်လုပ်ဆောင်မှုများ ပြုလုပ်ကြပါသည်။ အဆိုပါလုပ်ဆောင်မှုများသည်လည်း ရှေ့နေများနှင့် CSO များအား ၎င်းတို့ ကိုအကူအညီပေးမည့် သူများရှိနေကြောင်းနှင့် ၎င်းတို့ဖြေရှင်းရန်ကြိုးပမ်းနေသည့်ကိစ္စသည် ရပ်ရွာလူထုအဆင့်၊ နိုင်ငံတော် အဆင့်နှင့် နိုင်ငံတကာအဆင့်ပြဿနာကို ကိုယ်စားပြုနေကြောင်း နားလည်စေရန် အထောက်အကူဖြစ်စေပါသည်။

---

51 ဥပမာ NGO တစ်ခုဖြစ်သော Justice Base Lawyers သည် "Communities of Practice" အလုပ်ရုံဆွေးနွေးပွဲများစွာကို ပြုလုပ် ခဲ့ကြပြီး ထိုဆွေးနွေးပွဲများတွင် ရှေ့နေများက အောက်ပါတို့အပါအဝင်နည်းလမ်းများဖြင့် ယခင်ကလက်ခံခဲ့သော ကန့်သတ်ချက်များကို တွန်းလှန်ရန် မဟာဗျူဟာကို ဆွေးနွေးကြပါသည်။ တရားရုံးတွင် အသုံးပြုသော အသုံးအနှုန်းကို ပြင်ဆင်ခြင်း၊ တရားသူကြီးများ နှင့်/သို့မဟုတ် ဥပဒေအရာရှိများက ၎င်းတို့၏ အမှုသည်အား "ရာဇဝတ်သား"အဖြစ် ခေါ်ဆိုခြင်းကို လက်ခံရန်ငြင်းဆန်ပြီး တရားရုံးမှတ်တမ်းများတွင် ၎င်းတို့၏ အမှုသည်အား "စွပ်စွဲခံရသူ"အဖြစ်သုံးနှုန်းရန်တောင်းဆိုခြင်း။ တရားသူကြီးက စွဲချက်များကို အတည်ပြုသောအခါ အပြစ်မရှိကြောင်း ယူဆချက်ကို ရပ်စဲမည့်အစား စီရင်ချက်မချမီ စစ်ဆေးနေစဉ်တစ်လျှောက်လုံး အပြစ်မရှိကြောင်းယူဆပေးရန် တောင်းဆိုခြင်း။ ရဲတပ်ဖွဲ့က ထိန်းသိမ်းထားစဉ် ၎င်းတို့၏အမှုသည်များနှင့်တွေ့ဆုံရန် ကြိုးပမ်းခြင်းနှင့် ချုပ်မိန့်ဆိုင်ရာကြားနာ စစ်ဆေးမှုများတွင် ၎င်းတို့အား ကိုယ်စားပြုပေးခြင်း။ သက်ဆိုင်မှုမရှိသော သက်သေများအား သက်သေစာရင်းမှ ဖယ်ရှားပေးရန် ဥပဒေအရာရှိများနှင့် ညှိနှိုင်းခြင်းနှင့် မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှုများကို စိန်ခေါ် မေးခွန်းထုတ်ခြင်း။ ရဲတပ်ဖွဲ့၏ စုံစမ်းစစ် ဆေးရေးစာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သောစာရွက်စာတမ်းများ၏ မိတ္တူများရယူခြင်း။ ချုပ်မိန့်ဆိုင်ရာကြားနာ စစ်ဆေးမှုများတွင် အမှုသည်များအား ကိုယ်စားပြု၍ တတ်နိုင်သမျှအစောဆုံး အာမခံလျှောက်ထားခြင်း။ ဥပဒေတစ်ခုသည် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃အရ အငြင်းပွားမှုဖြစ်လျှင် ထိုဥပဒေ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ ညွတ်မှု ရှိ-မရှိကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြန်လည်စစ်ဆေးသုံးသပ်ပေးစေရန် အဆိုများတင်သွင်းခြင်း။

52 ICJ အနေဖြင့် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း အယူအဆများနှင့် မဟာဗျူဟာများကို ဆွေးနွေးရန် ရှေ့နေများအပါအဝင် မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများကို တွေ့ဆုံပေးသော လုပ်ဆောင်မှုအများအပြားဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အာရှပစိဖိတ်ဒေသ၏ အခြားသောအပိုင်းများမှ အဆိုပါလုပ်ဆောင်မှုများတွင်ပါဝင်ခဲ့ကြသော ရင်းမြစ်ပုဂ္ဂိုလ်များနှင့်ထိတွေ့ ဆက်ဆံမှုများလည်း ပြုလုပ်ခဲ့ပါသည်။ နောက်ထပ်သာဓကတစ်ခုတွင် ERI က စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ လေ့ကျင့်သင် ကြားမှု၊ ဥပဒေဆိုင်ရာသုတေသနလေ့လာမှုနှင့်အကြံပေးမှုတို့မှတဆင့်သွယ်ဝိုက်၍လည်းကောင်း၊ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများနှင့်ပတ် သက်၍ အသိအမြင်မြှင့်တင်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာခရီးစဉ်များ စီစဉ်ပေးခြင်းဖြင့် တိုက်ရိုက်လည်းကောင်း ဒေသခံလူထုများကို အထောက်အကူပြုခဲ့ပါသည်။ ၎င်းတို့သည် မီဒီယာစည်းရုံးလှုံ့ဆော်မှုနှင့် မှတ်တမ်းဗီဒီယိုရိုက်ကူးရေး တို့ကိုလည်း ကူညီပေးခဲ့သည်။ ERI ဝန်ထမ်းများသည် နှစ်ပေါင်းများစွာ ဒေသခံလူထုနှင့် မှန်မှန်တွေ့ဆုံ၍ အတူတကွလက်တွဲ လုပ်ကိုင်လာခဲ့ပြီး ဤအချက်သည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် လှုပ်ရှားမှုဖွံ့ဖြိုးတိုးတက်လာအောင်အားပေးခြင်းအတွက် အရေးကြီးပါသည်။

## ၃.၃။ မီဒီယာနှင့် ဆက်သွယ်ရေးမဟာဗျူဟာ

မဟာဗျူဟာတွင် အရေးပါသောအဆင့်တစ်ဆင့်မှာ သေချာစွာစီစဉ်ထားသော မီဒီယာနှင့်ဆက်သွယ်ရေး မဟာဗျူဟာရေးဆွဲရန်ဖြစ်ပါသည်။ မီဒီယာမဟာဗျူဟာသည် အများပြည်သူဗဟုသုတ မြှင့်တင်ရန်နှင့် အများပြည်သူ၏ အားပေး ထောက်ခံမှုရယူရန် ရည်ရွယ်သင့်ပါသည်။ ပံ့ပိုးပေးနိုင်သောမီဒီယာသည် အများပြည်သူဆိုင်ရာ လှုပ်ရှားမှုတစ်ခု ပေါ်ပေါက်လာစေရန်နှင့် တရားစွဲဆိုခြင်းက လူမှုရေးပြောင်းလဲမှုကို မည်သို့အထောက်အကူပြုနိုင်ကြောင်းနှင့် ပတ်သက်၍ အသိပညာမြှင့်တင်ရန် ကူညီပေးနိုင်ပါသည်။ သက်ရောက်မှုအများဆုံးရှိစေရန်နှင့် သတင်းထောက်များထံမှ အပြုသဘောဆောင်သော နောက်ဆက်တွဲဆောင်ရွက်မှုများ ရှိလာစေရန် ဆက်သွယ်ရေးမဟာဗျူဟာကို စောလျှင်စွာ ရေးဆွဲချမှတ်ရန်လိုအပ်သည်။ မီဒီယာဆက်ဆံရေးများကို ဂရုတစိုက်စီမံခန့်ခွဲရမည်။ ရပ်ရွာလူထုထဲမှ တက်ကြွလှုပ်ရှားသူများသည် အချို့သောမီဒီယာများထံမှ မကောင်းသတင်းဖော်ပြခံရနိုင်ပြီး မကောင်းသတင်းသည် ထိုအမှုအတွက် အများပြည်သူထောက်ခံမှုကို ကျဆင်းစေသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်သူများအတွက်လည်း ပို၍ခက်ခဲစေပါသည်။ မီဒီယာအနေဖြင့် အမှုများနှင့်ပတ်သက်၍ သတင်းပေးပို့ရာတွင် ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကိုသိရှိစေရန် တရားရုံးတွင်သတင်းရယူခြင်းဆိုင်ရာ စည်းမျဉ်းများအပါအဝင် ဥပဒေဆိုင်ရာလုပ်ငန်းစဉ်များကို နားလည်အောင် ရှေ့နေများက ကူညီသင့်ပါသည်။

အောက်ပါတို့အပါအဝင် မီဒီယာမဟာဗျူဟာတစ်ရပ် ရေးဆွဲခြင်းအတွက် **Public Law Project** က အကြံပြုချက်များ ရေးဆွဲခဲ့ပါသည် -

၁။ သင်၏ အမှုတွင် အဓိကပြဿနာများကိုဖော်ထုတ်ပြီး အများပြည်သူအတွက် ဘာကြောင့်အရေးကြီးသည်ကို စဉ်းစားပါ။ ထိုအချက်ကိုစာကြောင်းတို သုံးကြောင်း သို့မဟုတ် လေးကြောင်းဖြင့် ဖော်ပြရန် ကြိုးစားကြည့်ပါ။ ထို့နောက် သတင်းထုတ်ပြန်ချက်များ၊ စာစောင်များ၊ ဝက်ဘ်ဆိုဒ် သို့မဟုတ် ဆိုရှယ်လ်မီဒီယာ စာမျက်နှာများတွင်လည်းကောင်း၊ သတင်းထောက်များနှင့် ပြောဆိုရာတွင်လည်းကောင်း အဆိုပါစာကြောင်းများကို အသုံးပြု၍ အမှုအကြောင်းကို ပြောပြနိုင်ပါသည်။

၂။ သင်၏ မီဒီယာမဟာဗျူဟာကို တရားစွဲဆိုခြင်း၏ မတူညီသောအဆင့်များအတွက် ပြင်ဆင်ပြီး အမှုက ဘယ်အဆင့်ရောက်နေပြီ၊ နောက်တစ်ဆင့်ကို ဘယ်တော့ရောက်မယ်တို့နှင့်ပတ်သက်၍ ပုံမှန်သတင်းပေးပါ။

၃။ သတင်းထောက်များသည် ကိုယ်ရေးကိုယ်တာဇာတ်လမ်းများကို စိတ်ဝင်စားလေ့ရှိသောကြောင့် အမှုကို ပိုမိုလူသားဆန်စေပြီး အများပြည်သူလည်း နားလည်ခံစားနိုင်စေမည့် နောက်ခံဇာတ်လမ်း ရှိ၊ မရှိ စဉ်းစားပါ။ ရှိလျှင် ထိုဇာတ်လမ်းကို တရားစွဲဆိုခြင်းမတိုင်မီ သတင်းထောက်တစ်ဦးအတွက် အထူးသီးသန့်သတင်းယူရန် ကမ်းလှမ်းပါ။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အမှုကို တရားရုံးသို့ ရောက်သွားသောအခါ အမှုအပေါ် မီဒီယာ၏ စိတ်ပါဝင်စားမှုရရှိအောင် ပြင်ဆင်ပြီးသားဖြစ်လိမ့်မည်။

၄။ သင်၏ အမှုတွင် ပါဝင်သောပြဿနာများကို အခြားနေရာတွင်လည်း တရားစွဲဆိုခြင်း သို့မဟုတ် လှုပ်ရှားဆောင်ရွက်နေခြင်း ရှိ၊ မရှိ လေ့လာပါ။ ရှိလျှင် ထိုအချက်ကို သင်၏ သတင်းထုတ်ပြန်ချက်များကို ထည့်သွင်းဖော်ပြ၍ သင့်အမှု၏ ပိုမိုကျယ်ပြန့်သော အရေးပါမှုကို ပြသပါ။

၅။ တရားစွဲဆိုမှု၏ အဆင့်တိုင်းတွင် သတင်းထောက်များအတွက် သတင်းထုတ်ပြန်ချက် ရေးသားပါ။ သတင်းထုတ်ပြန်ချက်တစ်ခုသည် တိုတောင်းပြီး အချက်အလက်ပြည့်စုံသင့်သည်။ အမှုတွင်ပါဝင်သော ပြဿနာများ၏ ရှိုးရှင်းသော အကျဉ်းချုပ်တစ်ခု၊ ယခုအချိန်ထိ ဘာတွေဖြစ်ခဲ့ပြီးကြောင်း ပြန်လည်ပြောပြချက်နှင့် အမှု၏ အရေးကြီးရသည့် အကြောင်းအရင်းကို ပြသသည့် ထိမိသောကိုးကားချက်များပါဝင်သင့်သည်။ သတင်းထောက်များအတွက်လိုအပ်လျှင် ပိုမိုအသေးစိတ်ပြောပြနိုင်သောသူ၏ ဆက်သွယ်ရန် အချက်အလက်များကိုလည်း ထည့်သွင်းသင့်သည်။ သင်၏အမှုအတွက် စီရင်ချက်ကိုကြေညာရန် သတင်းထုတ်ပြန်ခြင်းဖြစ်ပါက စီရင်ချက်မိတ္တူတစ်စောင် ထည့်သွင်းရန် စဉ်းစားပါ။[53]

53 Public Law Project, Guide to Strategic Litigation, (2014), p. 34 ။ https://publiclawproject.org.uk/wp-content/uploads/data/

လူမှုကွန်ရက် အထူးသဖြင့် ဖေ့စ်ဘွတ်သည် သမားရိုးကျနှင့် အသစ်ပေါ်ထွက်လာသော နည်းဗျူဟာများကို အသုံးပြုပြီး ကမ်ပိန်းများအတွက် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်နိုင်ပြီးအသုံးချနိုင်သော အားကောင်းသည့် လက်နက်တစ်ခု ဖြစ်ပါသည်။

## ၃.၄။ နစ်နာသူအား ကာကွယ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေဆန်းစစ်ခြင်း

မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် အမှုများနှင့် ရပ်ရွာလူထုအပေါ် ဆုံးရှုံးနိုင်ခြေများရှိစေပါသည်။ အမှုသည်များရွေးချယ်မှုသည် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်တွင် ရှေ့နေများ၊ NGO များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့က ရပ်ရွာလူထုအား အမှုတစ်မှုကို ဆောင်ရွက်နိုင်အောင် ပြင်ဆင်ပေးရန်နှင့် တရားစွဲဆိုမှု တစ်လျှောက်လုံး အထောက်အပံ့ပေးရန် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံကြပါသည်။ တရားစွဲဆိုမှုပြီးသွားသည့်နောက်တွင်လည်း အကျိုးဆက်များအတွက် ရပ်ရွာလူထုအား ကူညီပေးနိုင်အောင် ထောက်ပံ့မှုကို ဆက်လက်၍ ပေးရန် အရေးကြီးပါသည်။

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာစေရန် ၎င်းတို့၏ အမည်ကို ထုတ်ဖော်ခြင်းအားဖြင့် အမှုသည်များ/နစ်နာသူများအနေဖြင့် ၎င်းတို့၏ အသက်များနှင့် လွတ်လပ်မှုများအပေါ် အန္တရာယ်ကြုံတွေ့လာနိုင်ပါသည်။ ၎င်းတို့သည် ပိုမိုကြီးမားသောလှုပ်ရှားမှုတစ်ခု၏ အဓိကပုဂ္ဂိုလ်ဖြစ်လာကြပါသည်။ ထို့ကြောင့် ၎င်းတို့၏ အသက်အပေါ် မလျော်ကန်သော အန္တရာယ်မကျရောက်စေရန်နှင့် တရားစွဲဆိုရန်မရွေးချယ်မီ ကိုယ်ကျင့်တရားဆိုင်ရာ အနိမ့်ဆုံးထည့်သွင်းစဉ်းစားရမည့်အချက်များကို ၎င်းတို့နှင့်စစ်ဆေးရန် အရေးကြီးပါသည်။ ဤအချက်အား ခွဲခြားဆက်ဆံမှုကို ဆိုးရွားစွာခံစားရလေ့ရှိသော ခွဲခြားဆက်ဆံခံရသည့်လူထုများနှင့် လူမျိုးများအတွက် အထူးသဖြင့် ဆောင်ရွက်သင့်သည်။ အမှုတွင်ပါဝင်သော တိုင်ကြားသူများ၏ အချိန်တိုင်းဘေးကင်းလုံခြုံရေးကို ထည့်သွင်းစဉ်းစားရန်၊ အမှုတွင်ပါဝင်ရန် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်အောင် လုံလောက်သည့် သတင်းအချက်အလက်ပေးရန်နှင့် အမှုတွင် ၎င်းတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိစေရန် အလွန်ပင်အရေးကြီးပါသည်။

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် ဆုံးရှုံးနိုင်ခြေများသည် ပုံမှန်အားဖြင့် ရှောင်လွှဲ၍မရပါ။ အန္တရာယ်များနှင့် ဆုံးရှုံးနိုင်ခြေများကို ဘယ်တော့မှ ဖယ်ရှားနိုင်မည်မဟုတ်သော်လည်း နစ်နာသူများရင်ဆိုင်ရနိုင်သော ဖြစ်လာနိုင်သည့် အန္တရာယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို နားထောင်ပေးရန် အရေးကြီးပါသည်။ ထို့ပြင် တိုင်ကြားသူများသည် မဟာဗျူဟာတစ်ရပ်လုံးကို သိရှိနားလည်ထားပြီး အမှုတွင် ၎င်းတို့ပါဝင်မှုကြောင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သော အန္တရာယ်များနှင့် ရှုပ်ထွေးမှုများကို လက်ခံရန်လည်း တန်းတူအရေးကြီးပါသည်။ အကြောင်းမှာ ကျူးလွန်သူများကပင် လုံခြုံရေးတပ်ဖွဲ့များကို ရင်ဆိုင်ရမည်ဖြစ်ပြီး အများပြည်သူရှေ့မှောက်ဘဝများကို ချပြရမည့်အပြင် လှုပ်ရှားမှုပြီးဆုံးပြီးနောက် ရပ်ရွာထဲတွင် ဆက်လက်နေထိုင်ကြရမည် ဖြစ်သောကြောင့် ဖြစ်သည်။

မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ အန္တရာယ်တစ်ခုမှာ ပြည်တွင်းနှင့်နိုင်ငံတကာမှ စည်းရုံးလှုံ့ဆော်သူများက ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူးရင်ဝါဒများကို အကောင်အထည်ဖော်ရန် အသုံးပြုသောလမ်းကြောင်းတစ်ခု ဖြစ်လာခြင်းပင်ဖြစ်သည်။ မဟာဗျူဟာမြောက်သည့်တိုင် တရားစွဲဆိုခြင်းတွင် အမှုသည်များ/နစ်နာသူများကို ကိုယ်စားပြုခြင်းနှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို သေချာစေခြင်းကို အဓိကထားရမည်။ နစ်နာသူများ/အမှုသည်များ၏ အကျိုးစီးပွားသည် မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့်ကိုက်ညီမှုရှိပြီး နစ်ဖက်လုံးအတွက် အကျိုးရှိစေရန် အရေးကြီးသည်။ အဆိုပါ အန္တရာယ်များကို လျှော့ချရန် သို့မဟုတ် အနည်းဆုံးတော့ မျှော်လင့်ထားရန် ကြိုးပမ်းရာတွင် အထောက်အကူ ဖြစ်စေနိုင်မည့် အဓိကကျသော မေးခွန်းအနည်းငယ်ရှိပါသည်။

---

resources/153/40108-Guide-to-Strategic-Litigation-linked-final_1_8_2016.pdf တွင် ကြည့်နိုင်သည်။

- အမှုသည်၏ ရည်ရွယ်ချက်က ဘာလဲနှင့် ၎င်းသည် ပိုမိုကြီးမားသောလူထုသက်ရောက်မှုနှင့်ချိတ်ဆက်နေပါသလား။ ရှေ့နေများအနေဖြင့် ၎င်းတို့အား ရည်မှန်းချက်(များ)ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဘယ်လိုကူညီနိုင်မလဲ။
- အမှုသည်၏ ရည်မှန်းချက်ပြည့်မီဖို့အတွက် ဘယ်လောက်အတိုင်းအတာအထိ ကတိကဝတ်ပြုထားသလဲ။
- တရားစွဲဆိုခြင်းအပြင် အမှုသည်၏ ရည်မှန်းချက်ကို ပြည့်မီစေရန် အခြားနည်းလမ်းများ ရှိပါသလား။ ထိုနည်းလမ်းများသည် ထိရောက်နိုင်ခြေ ပိုနည်းသလား သို့မဟုတ် ပိုများသလား။

ရရှိနိုင်သောအကျိုးကျေးဇူးများ/ဖြစ်လာနိုင်သောဆုံးရှုံးနိုင်ခြေများကို အောက်တွင် ချိုင့်ဖော်ပြထားပါသည် [54] မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းမှ ရရှိနိုင်သောအကျိုးကျေးဇူးများ-

| **မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ** | **မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းမှ ဖြစ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ** |
|---|---|
| • အမှုသည်အတွက် သို့မဟုတ် အမှုသည်များအုပ်စုအတွက် လိုလားသောရလဒ်ရရှိစေခြင်း။<br>• အရေးပါသော သာဓကဖြစ်ပေါ်လာစေခြင်း။<br>• အလားတူအခြေအနေများကို ကြုံတွေ့နေရသူများ။ အတွက် အပြောင်းအလဲဖြစ်ပေါ်စေခြင်း။<br>• ကြီးမားသောမူဝါဒအပြောင်းအလဲအတွက် အစပျိုးပေးနိုင်ခြင်း။<br>• အမှုသည်များ/ကျူးလွန်သူများအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။<br>• အသိအမြင်တိုးမြှင့်ပေးခြင်း။<br>• အများပြည်သူဆိုင်ရာ ဆွေးနွေးမှုကိုအားပေးခြင်း။ | • အမှုသည်ကို မလျော်မကန် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း။<br>• ရပ်ရွာလူထု၏ တုံ့ပြန်မှု။<br>• နိုင်ငံရေးတုံ့ပြန်မှု။<br>• အမှုသည်၏ ဘေးကင်းလုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ခြင်း အထူးသဖြင့် ခွဲခြားဆက်ဆံခံရသော အုပ်စုများ။<br>• လူတစ်ဦးချင်း ရည်မှန်းချက်များထက် နိုင်ငံရေး သို့မဟုတ် မဟာဗျူဟာမြောက်ရည်မှန်းချက်ကို ဦးစားပေးခြင်း။<br>• ဆိုးရွားသော သာဓကဖြစ်ပေါ်လာစေခြင်း။ |
| • ကိစ္စရပ်တစ်ခုအပေါ်တွင် တရားစီရင်ရေး လွှတ်လပ်မှု သို့မဟုတ် မျှတမှုမရှိကြောင်း မီးမောင်းထိုးပြခြင်း။<br>• အစိုးရက ပြောဆိုခွင့်များ ပိတ်ပင်ရန်ကြိုးပမ်းသော ကိစ္စရပ်များအကြောင်းကို ပြောဆိုရန် တရားဝင်ခွင့်ပြုထားသော လမ်းကြောင်းတစ်ခု ဖန်တီးပေးနိုင်ခြင်း။ | • ကိစ္စရပ်တစ်ခုအပေါ်တွင် လွှတ်လပ်မှု သို့မဟုတ် အာဏာမရှိကြောင်း မီးမောင်းထိုးပြခြင်းဖြင့် တရားစီရင်ရေးအဖွဲ့ကို အားနည်းစေခြင်း<br>• အနိုင်ရရန် အလွန်ခက်ခဲနိုင်သော အမှုတစ်ခုအပေါ် တန်ဖိုးရှိသောရင်းမြစ်များ သုံးစွဲခြင်း |

## ၃.၅။ အမှုရွေးချယ်မှုနှင့် အချိန်သားကိုက်မှု

တရားစွဲဆိုခြင်းသည် အပြောင်းအလဲဖြစ်ပေါ်လာအောင်ပံ့ပိုးရန် ကောင်းမွန်သော မဟာဗျူဟာဖြစ်နိုင်သည်ဟု ဆုံးဖြတ်ပြီးပါက သက်ဆိုင်ရာအမှုများကိုမရွေးချယ်မီ ထည့်သွင်းစဉ်းစားရမည့် မဟာဗျူဟာမြောက် အဓိကအချက်များရှိပြီး ၎င်းတို့တွင်အမှု၏ အကျုံးဝင်မှုနယ်ပယ်နှင့်ပတ်သက်၍ မှုအားဖြင့်ထည့်သွင်းစဉ်းစားသင့်သော မေးခွန်းများနှင့် လက်တွေ့ကျသော ထည့်သွင်းစဉ်းစားရမည့်အချက်များ ပါဝင်ပါသည် -

54 UN Women: http://www.endvawnow.org/en/articles/948-engage-in-strategic-litigation.html.

(၁) အမှုရွေးချယ်ခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများ

- အမှုသည် ဥပဒေကိုရှင်းလင်း သို့မဟုတ် အားကောင်းစေရန် အခွင့်အလမ်းရှိသည်။
- အမှုသည် ဥပဒေလိုက်နာမှုကို မြှင့်တင်ရန်အခွင့်အလမ်းရှိသည်။
- အမှုသည် ပြဿနာတစ်ခုအပေါ် အလင်းပြရန် အခွင့်အလမ်းကောင်းရှိသည်။
- အမှုသည်ဥပဒေ၏သဘောသဘာဝ သို့မဟုတ်အတိုင်းအတာနှင့်ပတ်သက်၍ကြီးလေးသောချိုးဖောက်မှုတစ်ခုနှင့်သက်ဆိုင်နေသည်။
- အမှုသည် ပြည်တွင်းဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်းက သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာဥပဒေပါ တာဝန်ဝတ္တရားများကို လိုက်နာခြင်း ရှိ၊ မရှိ စမ်းသပ်သည်။
- အမှုကို အရပ်ဘက်လူ့အဖွဲ့အစည်းက ထောက်ခံပြီး မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုတစ်ခုဖြင့် ပံ့ပိုးနိုင်သည်။

(၂) လက်တွေ့ကျသော ထည့်သွင်းစဉ်းစားရမည့်အချက်များ

- အမှုတွင်ပါဝင်သော အချက်အလက်များ ရှင်းလင်းမှုနှင့် ခိုင်မာမှုရှိသလား။
- လုံလောက်သော သက်သေအထောက်အထားရှိပါသလား။
- လိုအပ်သောရင်းမြစ်များကိုရရှိနိုင်သလားနှင့် ထိုရင်းမြစ်များသည် ရလဒ်နှင့် ညီမျှသလား။ ဘယ်လောက်ထိကုန်ကျစရိတ်များမလဲ။ ဖြစ်လာနိုင်သောကုန်ကျစရိတ်များသည် ဥပဒေ-မူဝါဒဆိုင်ရာ အကျိုးကျေးဇူးများအတွက် ထိုက်တန်သလား။
- စုပေါင်းတရားစွဲဆိုခြင်း (Class Action) က ပိုကောင်းမလား သို့မဟုတ် တစ်ဦးချင်းတောင်းဆိုမှုများက ပိုမိုသင့်တော်မလား။ အကယ်၍ စုပေါင်းတရားစွဲဆိုမယ်ဆိုလျှင် လက်တွေ့နှင့် ဥပဒေဆိုင်ရာအခက်အခဲတွေက ဘာတွေလဲ။

## အပိုင်း ၄ - ကျော်လွှားရမည့် စိမ်ခေါ်မှုများ

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း တိုင်းပြည်၏ဥပဒေအခင်းအကျင်းတွင်ထင်ရှားသော ပြောင်းလဲမှုများကို တွေ့မြင်လာရသော်လည်း မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိစေရေး၊ လူ့အခွင့်အရေးကို ကာကွယ်ပေးရေးနှင့် အာဏာခွဲဝေရေးတို့အပေါ် လေးနက်သောအဟန့်အတားများ ရှိနေဆဲဖြစ်ပါသည်။ သို့သော် ဂရုတစိုက်ရေးဆွဲပါက တရားစွဲဆိုခြင်းအား မဟာဗျူဟာမြောက်အောင်အသုံးချခြင်းသည် အဆိုပါရည်မှန်းချက်များကို အထောက်အကူဖြစ်စေနိုင်သလို တရားစီရင်ရေးအဖွဲ့၏ အခန်းကဏ္ဍပိုမိုအားကောင်းလာအောင်လည်း အထောက်အပံ့ပေးနိုင်ပါသည်။

### ၄.၁။ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုကို အားပေးထောက်ခံခြင်း

မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်မှာ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုနှင့်ပတ်သက်၍ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်ဘက်ပြဋ္ဌာန်းထားသော်လည်း[55] မြန်မာနိုင်ငံ၏ တရားစီရင်ရေးအဖွဲ့သည် အပြည့်အဝလွတ်လပ်မှု မရှိသေးပါ။ ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်လာခဲ့သော အာဏာရှင်အုပ်ချုပ်ရေးသည် ဥပဒေစနစ်ကို စနစ်ကျကျ အားနည်းပေါ့လျော့စေခဲ့ပါသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးသဖြင့် တိုင်းပြည်၏ စစ်တပ်နှင့်လုံခြုံရေးတပ်ဖွဲ့တို့က မလျော်ကန်သော လွှမ်းမိုးမှုရှိနေဆဲဖြစ်သည်။[56] တရားစီရင်ရေးအဖွဲ့သည် တစ်ဖွဲ့လုံး အနေဖြင့်ခြုံကြည့်လျှင် ရင်းမြစ်ရရှိမှု အလွန်နည်းပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်နေပါသည်။ ထိရောက်သော မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအတွက် အစိုးရ၏လုပ်ဆောင်မှုများသည် ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိကို ဆုံးဖြတ်နိုင်စွမ်းရှိသော တရားစီရင်ရေးအဖွဲ့တစ်ဖွဲ့ လိုအပ်ပါသည်။

တရားစီရင်ရေးအဖွဲ့သည် ၎င်း၏ လွတ်လပ်မှုကို အခိုင်အမာပြသရန် ကနဦးအဆင့်များ ဆောင်ရွက်ခဲ့ပြီး ဖြစ်သော်လည်း ယေဘုယျအားဖြင့် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို တိုက်ရိုက်စိန်ခေါ်ရန် ဆန္ဒမရှိဆဲ၊ စိန်ခေါ်နိုင်စွမ်းမရှိဆဲ ဖြစ်ပါသည်။ နိုင်ငံရေးနှင့်စစ်တပ်လွှမ်းမိုးမှုသည် တရားဥပဒေစိုးမိုးရေးအတွက် အဓိကအတားအဆီး တစ်ရပ်ဖြစ်နေသောကြောင့် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းအတွက်လည်း အတားအဆီး ဖြစ်နေဆဲဖြစ်ပါသည်။ အစိုးရအရာရှိများ သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွားများ ပါဝင်နေသောအမှုများတွင် တရားသူကြီးများနှင့် ဥပဒေအရာရှိများသည် ၎င်းတို့၏လွတ်လပ်မှုကို တသတ်မတ်တည်ပြသနိုင်ခြင်းမရှိဘဲ ကျင့်ဝတ်နှင့်မညီညွတ်သော ဆောင်ရွက်မှုများရှိကြောင်း ထင်မြင်သုံးသပ်မှုများရှိနေပါသည်။

### ၄.၂။ အုပ်ချုပ်ရေးဥပဒေရေးဆွဲခြင်း

အဓိကစိန်ခေါ်မှုများထဲမှ တစ်ခုသည် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးဥပဒေနှင့် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို တရားစီရင်ရေးအဖွဲ့က ပြန်လည်စစ်ဆေးသုံးသပ်ခြင်းကို ထောက်ခံသော ခိုင်မာရှင်းလင်းသည့် ဥပဒေမူဘောင် မရှိခြင်းနှင့်သက်ဆိုင်ပါသည်။ တိုင်းပြည်တွင် အများပြည်သူအုပ်ချုပ်ရေးဥပဒေစနစ်မရှိသောကြောင့် ရှေ့နေများသည် စည်းမျဉ်းချမှတ်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးအစီအစဉ်များ အသက်သွင်းခြင်းတို့နှင့်

55 မြန်မာနိုင်ငံ၏ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ တွင် "တရားစီရင်ရေးမူများ" ကို ပြဋ္ဌာန်းထားပြီး ၎င်းတို့မှာ "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေးနှင့်အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး"တို့ ဖြစ်သည်။ ဤအခြေခံမူများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၀/၂၀၁၀) ပုဒ်မ ၃ တွင်လည်း ပေါ်လွင်နေပါသည်။ လွတ်လပ်စွာ တရားစီရင်ရေးမူအား ပိုမိုအားကောင်းစေသည့်အချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟူသော သတ်မှတ်ချက်ဖြစ်သည်။ ပြည်ထောင်စု၏ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်၏ တရားသူကြီးများအတွက် ၂၀၀၈ခုနှစ်၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀(က)နှင့် ပုဒ်မ ၃၀၁(စ)နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၀(စ)။ တရားလွှတ်တော်များ၏ တရားသူကြီးချုပ်များနှင့် တရားသူကြီးများအတွက် ပုဒ်မ ၃၀၉(က)နှင့် ပုဒ်မ ၃၁၀(စ)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၈(စ)။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ တရားသူကြီးများအတွက် ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၀(ဂ)နှင့် ပုဒ်မ ၃၃၃(စ)။

56 International Commission of Jurists, Handbook on Habeas Corpus (Geneva 2016) p. 20 ။ https://www.icj.org/ myanmar-writ-of-habeas-corpus-can-help-protect-human-rights/ တွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ရှုနိုင်သည်။

ပတ်သက်၍ အစိုးရ၏ဆုံးဖြတ်ချက်အများစုကို စိန်ခေါ် နိုင်သည့်အခြေအနေ မရှိကြပါ။[57] အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်တစ်ခုကိုအယူခံရန် ပထမဦးဆုံးနည်းလမ်းမှာ ရာထူးအဆင့်အတန်းပို၍မြင့်သောအရာရှိက လက်အောက်ခံအရာရှိ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက် သို့မဟုတ် ပြင်ဆင်ပေးလိမ့်မည်ဟု မျှော်လင့်၍ အုပ်ချုပ်မှုအဆင့်ဆင့်တွင် နောက်တစ်ဆင့်သို့ ထိုအမှုကို တင်ပြခြင်းဖြစ်သည်။ သို့သော် လက်တွေ့တွင် ထိုသို့သောဆုံးဖြတ်ချက်များသည် အလွန်ရှားပါးပြီး ထင်ရာစိုင်း ဆုံးဖြတ်ခြင်းဖြစ်ကာ တစ်သတ်မတ်တည်း မရှိသည့်အပြင် ကျိုးကြောင်းဆီလျော်ပြီး စာဖြင့်ရေးသားထားသော စီရင်ချက်လည်း မရှိပါ။ အထက်တွင်ဖော်ပြခဲ့သော မြေယာဥပဒေများအစရှိသော ဥပဒေများစွာတွင် အုပ်ချုပ်ရေးဖွဲ့စည်းပုံအတွင်း လျော်ကြေးတောင်းပိုင်ခွင့် သတ်မှတ်ပေးထားသော်လည်း မြေယာနှင့်ပတ်သက်သော အမှုတစ်ခုကို တရားရုံးထံသို့ တိုင်ကြားခွင့်အား ကန့်သတ်ရန် ကြိုးပမ်းထားပါသည်။

အုပ်ချုပ်ရေးဥပဒေသည် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် အပြန်အလှန်ထိန်းကျောင်းပေးနိုင်ပြီး အစိုးရ၏ ဆုံးဖြတ်ချက်များကို တရားရုံးများမှတစ်ဆင့် ပြန်လည်စစ်ဆေးသုံးသပ်ရန် လမ်းကြောင်းတစ်ခုလည်း ဖြစ်သောကြောင့် တရားမျှတမှုရရှိရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်မှုသည် တရားမျှတပြီး ဥပဒေနှင့်ညီညွတ်ကာ လုပ်ငန်းစဉ်များကို လမ်းညွှန်ချက်ပေးရန် ရှင်းလင်းသော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိအောင် သေချာစေရန် အုပ်ချုပ်ရေးဥပဒေက အကူအညီပေးပါသည်။ အုပ်ချုပ်ရေးအဖွဲ့များစွာသည် တရားရုံးက ပြန်လည်စစ်ဆေးသုံး သပ်နိုင်ခြင်းမရှိစေသော အပြီးပြတ်ဖြစ်ကြောင်း အပိုဒ်များမှတစ်ဆင့် ၎င်းတို့၏အဖွဲ့တွင်း ပြန်လည်စစ်ဆေးသုံးသပ်ခြင်းလုပ်ငန်းစဉ်အား အပြီးသတ်ဖြစ်အောင်၊ စည်းနှောင်မှုရှိအောင်လုပ်ထားပါသည်။ ဤအချက်သည် ၎င်းတို့၏ ဆုံးဖြတ်ချက်များက လူ့အခွင့်အရေးချိုးဖောက်သောအခါ နစ်နာသူများအတွက် တရားမျှတမှု ရရှိနိုင်မှုအပေါ် အဟန့်အတားဖြစ်စေပါသည်။ သို့သော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အုပ်ချုပ်ရေးအဖွဲ့များနှင့် ဥပဒေနယ်ပယ်များစွာတွင် မဟာဗျူဟာမြောက်တရား စွဲဆိုခြင်းလှုပ်ရှားမှုများကို စဉ်းစားနိုင်သော၊ ဆောင်ရွက်နိုင်သောနှင့် ဖြစ်နိုင်လျှင်တရားစွဲသည်အထိ ဆောက်ရွက်ရန်အတွက် လမ်းကြောင်းများ ရှိနေပါသည်။

## ၄.၃။ ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း

အများပြည်သူအကျိုးစီးပွားပါဝင်သည့် ရှုပ်ထွေးသော ကိစ္စရပ်များအပေါ် အချို့သောတရားသူကြီးများ၏ ကြားနာစစ်ဆေးပေးနိုင်စွမ်းနှင့် ကြားနာစစ်ဆေးပေးလိုသော ဆန္ဒသည် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအတွက် အတားအဆီးတစ်ခု ဖြစ်နိုင်ပါသည်။ တရားရုံးများတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း၏ အောင်မြင်နိုင်သည့် အလားအလာများကို မြှင့်တင်ရန် တရားစွဲသူများသည် အချို့သောလုပ်ငန်းစဉ်များ (ဥပမာ ပတ်ဝန်းကျင်ဆိုင်ရာဥပဒေကို အသုံးပြုခြင်း) သို့မဟုတ် ဥပဒေယန္တရားများ(ဥပမာ စာချွန်တော်အမိန့်များ) ကို တရားသူကြီးများက ပိုမိုလက်ခံလာအောင် အခြေခံပြင်ဆင်မှုများပြုလုပ်ရန်အလို့ငှာ ဥပဒေ၏ အဆိုပါအစိတ်အပိုင်းများကို ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်ကြားခြင်းတွင် ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် တရားစီရင်ရေးအဖွဲ့နှင့်အတူတကွ အလုပ်လုပ်ကိုင်နေသော NGO များအပါအဝင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

ဥပဒေဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဥပဒေပညာရပ်ဆက်လက်သင်ကြားပေးရန် လိုအပ်ပြီး ၎င်းတို့အတွက် ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ပံ့ပိုးကူညီပေးရန် လိုအပ်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်၍ ဥပဒေပညာရေးမြင့်မားလာအောင် တစိုက်မတ်မတ် ဆောင်ရွက်သင့်ပါသည်။ ရှေ့နေအသင်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဤလုပ်ငန်းစဉ်တွင် ပါဝင်ကူညီနိုင်ပါသည်။

57 မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးဥပဒေနှင့် တရားမျှတမှုလက်လှမ်းမီရရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အပြည့်အစုံသိရှိလိုပါက Mellissa Crouch, Access to Justice and Administrative Law in Myanmar (MyJustice, October 2014) ကို ကြည့်ပါ။ https://www.myjusticemyanmar.org/sites/default/files/Access%20to%20Justice%20and%20Administrative%20Law%20in%20Myanmar.pdf တွင်ကြည့်နိုင်သည်။

အရေးယူခံရခြင်းမှကင်းလွတ်နေမှု (Impunity) ကို စိန်ခေါ်ရန်နှင့် တရားမျှတမှုလက်လှမ်းမီရရှိနိုင်မှုကို မြှင့်တင်ရန် ရှေ့နေကွန်ရက်များကို ဖွဲ့စည်းလာကြပါသည်။ အဆိုပါကွန်ရက်များသည် ပုံမှန်လုပ်ထုံးလုပ်နည်းက ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် မျှတသောတရားစီရင်မှုဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်နေသော 'ဒီလိုပဲလုပ်ကြတာပဲ' ဆိုသည်ကို စိန်ခေါ်ရန် တစ်ဦးနှင့်တစ်ဦး အထောက်အကူပေးနိုင်ပါသည်။ ရှေ့နေများသည် အဆိုပါလုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် စိန်ခေါ်နိုင်ကြပါသည်။ ထို့ပြင် မတရားသောဥပဒေရှိနေပါက နောက်တစ်ဆင့် ဆောင်ရွက်ရမည်မှာ တရားဥပဒေစိုးမိုးမှုကို အများပြည်သူရရှိဖို့ရန် သေချာစေသော ထုံးတမ်းစဉ်လာတစ်ခု ဖြစ်ပေါ်စေရန် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းနည်းလမ်းအား အသုံးပြုခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ရှေ့နေများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် ထိုကိစ္စရပ်များက အများပြည်သူဆိုင်ရာဆွေးနွေးမှုတွင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်၍ စည်းရုံးလှုံ့ဆော်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့်ပင်လျှင် အများပြည်သူဆိုင်ရာဆွေးနွေးမှုကို ပိုမိုပြည့်စုံလာစေခြင်းနှင့် ဥပဒေနှင့် ဥပဒေဆိုင်ရာအဖွဲ့အစည်းများအားလက်လှမ်းမီစေခြင်းအားဖြင့် တရားဥပဒေစိုးမိုးမှု၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။

ဥပဒေစနစ်အတွင်း အဂတိလိုက်စားမှုရှိနေခြင်းသည် မျှတသောတရားစီရင်မှုဆိုင်ရာ အခွင့်အရေးများနှင့် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းနည်းလမ်းအား အသုံးပြုမှုကို အကန့်အသတ်ဖြစ်စေပါသည်။[58] မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းက ဖန်တီးပေးနိုင်သော အများပြည်သူဆိုင်ရာလုပ်ငန်းစဉ်သည် ပိုမိုပွင့်လင်းမြင်သာမှုရှိသော လူသိရှင်ကြား စစ်ဆေးမှုအတွက် လမ်းကြောင်းတစ်ရပ် ဖန်တီးပေးခြင်းအားဖြင့် အဂတိလိုက်စားမှုပြဿနာကို ကိုင်တွယ်နိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

## ၄.၄။ ရှေ့နေများ၏ ခံနိုင်ရည် တည်ဆောက်ခြင်း

ရှေ့နေများနှင့် CSO များသည် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းအမှုများကို လိုက်ပါဆောင်ရွက်ခြင်းအတွက် ဥပဒေကြောင်းအရနှင့် အသက်မွေးဝမ်းကြောင်းအရ အကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့ကြပါသည်။ ဖွဲ့စည်းပုံဆိုင်ရာ စိန်ခေါ်မှုများရှိနေဆဲတွင် ရှေ့နေများစွာသည် လူမှုကွန်ယက်မှတစ်ဆင့် ထိပါးနှောင့်ယှက်ခြင်း သို့မဟုတ် တရားရုံးများ မထီမဲ့မြင်ပြုသည်ဟု တရားမျှတမှုမရှိဘဲ တရားစွဲဆိုခံရခြင်း သို့မဟုတ် မဟာဗျူမြောက်တရားစွဲဆိုခြင်းလှုပ်ရှားမှုများ တွင် ပါဝင်ခြင်းကြောင့် ရှေ့နေလိုင်စင် အသိမ်းခံရခြင်းအပါအဝင် လက်တုံ့ပြန်မှုများကို ကြောက်ရွံ့နေကြဆဲဖြစ်ပါသည်။

နိုင်ငံရေးအရထိရှလွယ်သောအမှုများကို လိုက်ပါဆောင်ရွက်ပေးသောရှေ့နေများသည် ရဲတပ်ဖွဲ့၏ ဥပဒေနှင့် မညီညွတ်သော အရေးယူမှုများ၊ လွတ်လပ်မှုမရှိသော ရှေ့နေများကောင်စီ၏ နိုင်ငံရေးတွန်းအားပါဝင်သည့် စည်းကမ်း ထိန်းသိမ်းအရေးယူမှုနှင့် ကိုးကွယ်ယုံကြည်မှုနှင့် လူမျိုးအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုအစရှိသော ပြဿနာများကို ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။[59] ထိုသို့သောရှေ့နေများသည် နိုင်ငံတော်လုံခြုံရေးအရာရှိများ၏ ထိပါးနှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုနှင့် စောင့်ကြည့်မှုတို့ကို ဆက်လက်ခံစားနေကြရပါသည်။

မြန်မာနိုင်ငံတွင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် ရှေ့နေတစ်ဦးသည် ဥပဒေအရာရှိများနှင့် တရားသူကြီးများထံမှ မလျော်ကန်သော ဖိနှိပ်မှုကို ပိုမိုခံစားရနိုင်ပါသည်။ မဟာဗျူဟာမြောက်တရား စွဲဆိုခြင်း လှုပ်ရှားမှုတစ်ခုသည် 'ထိရှလွယ်သော' ကိစ္စရပ်တစ်ခုအပေါ် စိတ်ပါဝင်စားလာအောင် စွဲဆောင်နိုင်သဖြင့် <u>သာမန်အမှုတစ်ခု</u>ကိုပင် 'ထိရှလွယ်သော' အမှုတစ်ခုဖြစ်လာစေသောကြောင့် ၎င်းတို့အမှုသည်၏ အကျိုးစီးပွားကို

58 မြန်မာနိုင်ငံသည် UNCAC ကို ၂၀၁၂ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ထိုစာချုပ်ကို လိုက်နာရန် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ(၂၀၁၃)ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၃ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/၂၀၁၃။
ဤဥပဒေအရ တရားသူကြီးများနှင့် ဥပဒေအရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးသည် လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်လျှင် ထောင်ဒဏ် နှင့် ငွေဒဏ်အပါအဝင်ပြစ်ဒဏ်များကို အခန်း (၁၀)တွင် ဖော်ပြထားသည့်အတိုင်း ကျခံရမည်။ ဥပဒေအသစ်နှင့်အညီ လာဘ်ပေးလာဘ်ယူမှု ဆိုင်ရာတိုင်ကြားမှုများကို စုံစမ်းစစ်ဆေးရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တည်ထောင်ခဲ့သည်။ ရာဇသတ်ကြီးပုဒ်မ ၁၆၁- ၁၇၁ တွင်လည်း အဂတိလိုက်စားမှုကို ပြစ်မှုအဖြစ်သတ်မှတ်ထားသည်။

59 ထပ်မံသိရှိလိုပါက International Commission of Jurists, The Right To Counsel: the Independence of Lawyers in Myanmar (Geneva, 2013) ကို ကြည့်ပါ။ https://www.icj.org/wp-content/uploads/2013/12/MYANMAR-Right-to-Counsel-electronic.pdf တွင် ကြည့်နိုင်သည်။

ထိခိုက်စေပါသည်။ ထို့ပြင် မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ သို့မဟုတ် မျှတသောတရားစီရင်မှုဆိုင်ရာ စံနှုန်းများအစရှိသော တရားရုံးများကိုယ်၌ကပင် ဖြေရှင်းရန်ဆန္ဒသော်လည်းကောင်း၊ ဖြေရှင်းနိုင်စွမ်းသော်လည်းကောင်း မရှိသောထိရှလွယ်သည့်ကိစ္စရပ်များကို ဖော်ထုတ်ပေးပါသည်။ အမှုသည်များ ကိုယ်တိုင်ပင်လျှင် လူ့အခွင့်အရေးကိစ္စရပ်များနှင့်ပတ်သက်၍ တရားစွဲဆိုရန် သို့မဟုတ် တရားရုံးများတွင် အစိုးရကို ဆန့်ကျင်ရန် တွန့်ဆုတ်နိုင်ပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်း CSO များသည် အကြောင်းအရင်းအမျိုးမျိုးဖြင့် ဥပဒေဆိုင်ရာစည်းရုံးလှုံ့ဆော်မှုနှင့် တရားစီရင်ရေးအဖွဲ့ကို ရှောင်ကြဉ်လေ့ရှိကြပါသည်။ ၎င်းတို့က တရားစီရင်ရေးအဖွဲ့သည် လွတ်လပ်မှုကင်းမဲ့ကြောင်းနှင့် တရားဥပဒေစနစ်သည် အဂတိတရားဖုံးလွှမ်းနေပြီး ထိရောက်မှုမရှိကြောင်း ရှုမြင်ကြသည်။ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးအဖွဲ့တို့ကို ဘက်လိုက်မှုကင်းမဲ့သော စီရင်ဆုံးဖြတ်ပေးသူများ သို့မဟုတ် ပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ပေးသော အဖွဲ့အစည်းများအဖြစ်မဟုတ်ဘဲ အစိုးရအဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယူဆကြသည်။ CSO များက ၎င်းတို့၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန် ရင်းမြစ်များ၊ စွမ်းဆောင်ရည်နှင့် ဆန္ဒရှိသော ရှေ့နေများကို ရှာဖွေရန်ခက်ခဲကြောင်း တွေ့ရှိရသည်။ အတော်ဆုံးရှေ့နေများသည် စီးပွားရေးလုပ်ငန်းနှင့် ချိတ်ဆက်ထားပြီးဖြစ်သောကြောင့် အင်အားကြီးသောအဖွဲ့အစည်းများ၏ အကျိုးစီးပွားကို တရားရုံးတွင်စိန်ခေါ်လိမ့်မည်မဟုတ်ကြောင်း ၎င်းတို့က ယုံကြည်လေ့ရှိကြသည်။ ထို့ကြောင့် မဟာဗျူဟာမြောက်တရားစွဲ ဆိုခြင်းအစား အရပ်ဘက်လူ Y အဖွဲ့အစည်း CSO များက စည်းရုံးလှုံ့ဆော်မှုပြုလုပ်သည့် နိုင်ငံရေးအာဏာရှိသူများ(Political Actors)ကို ပိုမိုပစ်မှတ်ထားလေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် အခမဲ့ရှေ့နေလိုက်ခြင်းသည် အပြည့်အဝ မဖွံ့ဖြိုးသေးပါ။ ဆင်းရဲနွမ်းပါးပြီး အမှန်တကယ်လိုအပ်နေသော သူများအတွက် အခမဲ့ဝန်ဆောင်မှုများပေးမည့် ရှေ့နေများစွာ ရှိနေသော်လည်း အများပြည်သူ အကျိုးစီးပွားနှင့်ပတ်သက်၍ အခမဲ့ရှေ့နေလိုက်ပေးခြင်းအယူအဆကို ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရှိရသေးပါ။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းလှုပ်ရှားမှုများ ဖော်ဆောင်ခြင်းအတွက် အများပြည်သူအကျိုးစီးပွားဆိုင်ရာ ရှေ့နေအုပ်စုများ သို့မဟုတ် ကွန်ရက်များ များများစားစား မရှိသေးပါ။ ရှေ့နေများ၏ လစာများမှာလည်း နည်းပါးသဖြင့် အများစုသည် အများပြည်သူ အကျိုးစီးပွားအတွက် အလုပ်လုပ်ရန် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့တက်ရောက်ရန် နေပြည်တော်သို့သွားရန် အချိန်မပေးနိုင်ကြပါ။ ထို့ပြင် မြေယာဆိုင်ရာအမှုများ သို့မဟုတ် ကျန်းမာရေးနှင့် ညစ်ညမ်းမှုဆိုင်ရာအမှုများတွင် သက်သေအထောက်အထားကောက်ယူခြင်းသည် ကုန်ကျစရိတ်များပြားပြီး နည်းပညာကျွမ်းကျင်မှုလည်း လိုအပ်ပါသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းတွင် ပါဝင်ရန် ၎င်းတို့တွင် လုံလောက်သော ရင်းမြစ်များမရှိကြောင်း ရှေ့နေများက လက်ခံထားကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်း CSO များ၊ NGO များနှင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့စည်းခြင်းဖြင့် ရှေ့နေများ၏ဆောင်ရွက်မှုနှင့် ၎င်းတို့၏ အခမဲ့ရှေ့နေလိုက်ခြင်းတွင် ပါဝင်မှုတို့ကို ပံ့ပိုးပေးနိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင်ပါသည်။

အဆိုပါစိန်ခေါ်မှုများကို အသိအမှတ်ပြုလျက် ရှေ့နေများနှင့် အခြားသောအရပ်ဘက်လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများက လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သော နည်းလမ်းဖြင့် တရားမျှတမှုဆိုင်ရာဆောင်ရွက်သူများအား လူ့အခွင့်အရေးဆိုင်ရာအမှုများကို ၎င်းတို့ ယခင် မဆောင်ရွက်ခဲ့ဖူးသော နည်းလမ်းဖြင့် စီရင်ဆုံးဖြတ်ပေးရန် ဖိအားပေးရန်နှင့် ကြိုးဆိုရန် အပြုသဘောဆောင်သော အပြောင်းအလဲ ဖော်ဆောင်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးပြုသောအခါ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းသည် ထိုစိန်ခေါ်မှုများအပေါ် တုံ့ပြန်မှုတစ်ရပ် ဖြစ်နိုင်ပါသည်။

# နောက်ဆက်တွဲ

## နောက်ထပ်ရင်းမြစ်များ


- Margarita Ilieva, Strategic Litigation: The Role of NGOs, available at http://www.essex.ac.uk/armedcon/story_id/000697.pdf
- Public Law Interest Law Initiative, Columbia University Budapest Law Center, Public Policy
- Advocacy: Strategic Litigation and International Advocacy, available at http://www.essex.ac.uk/armedcon/story_id/000698.pdf
- Public Law Strategic Support Project, Guide to Strategic Litigation: https://publiclawproject.org.uk/wp-content/uploads/data/resources/153/40108-Guide-to-Strategic-Litigation-linked-final_1_8_2016.pdf
- The Equinet Handbook on Strategic Litigation http://www.equineteurope.org/IMG/pdf/equinet-handbook_strategic-litigation_def_web.pdf
- A strategic evaluation of public interest litigation in South Africa: https://www.atlanticphilanthropies.org/wp-content/uploads/2015/12/Public-interest-litigation-and-social-change-in-South-Africa.pdf
- Steven Budlender, Gilbert Marcus SC and Nick Ferreira, Public interest litigation and social change in South Africa: Strategies, tactics and lessons (Atlantic Philanthropies September 2014)
- Open Society Justice Initiative, Global human rights litigation Report (Open Society, 2018, available at: https://www.opensocietyfoundations.org/reports/global-human-rights-litigation-report
- Public Law Project, Guide to Strategic Litigation, http://www.publiclawproject.org.uk/data/resources/153/Guide-to-Strategic-Litigation.pdf, 2014
- ISHR, Simple Guide to UN Treaty Bodies (2015), available at: http://www.ishr.ch/sites/default/files/documents/ishr_simpleguide_eng_final_final_dec15.pdf
- UN Women, What is advocacy and why is it important? (available at http://www.endvawnow.org/en/articles/92-what-is-advocacy-and-why-is-it-important.html?next=94 and following pages)
- OSJI, From Judgment to Justice: Implementing International and Regional Human Rights Decisions (2010), Executive Summary.
- Interights Bulletin, Increasing the Impact of Human Rights Litigation: Implementation of Judgments and Decisions (December 2010).
- Office of the High Commissioner for Human Rights (OHCHR), 'Protection of Victims, Witnesses and other Cooperating Persons', Manual on Human Rights Monitoring, Available at: https://www.ohchr.org/Documents/Publications/Chapter14-56pp.pdf

## Commission Members

March 2019 (for an updated list, please visit www.icj.org/commission)

**President:**

Prof. Robert Goldman, United States

**Vice-Presidents:**

Prof. Carlos Ayala, Venezuela

Justice Radmila Dragicevic-Dicic, Serbia

**Executive Committee:**

Justice Sir Nicolas Bratza, UK

Dame Silvia Cartwright, New Zealand

(Chair) Ms Roberta Clarke, Barbados-Canada

Mr. Shawan Jabarin, Palestine

Ms Hina Jilani, Pakistan

Justice Sanji Monageng, Botswana

Mr Belisário dos Santos Júnior, Brazil

**Other Commission Members:**

Professor Kyong-Wahn Ahn, Republic of Korea

Justice Chinara Aidarbekova, Kyrgyzstan

Justice Adolfo Azcuna, Philippines

Ms Hadeel Abdel Aziz, Jordan

Mr Reed Brody, United States

Justice Azhar Cachalia, South Africa

Prof. Miguel Carbonell, Mexico

Justice Moses Chinhengo, Zimbabwe

Prof. Sarah Cleveland, United States

Justice Martine Comte, France

Mr Marzen Darwish, Syria

Mr Gamal Eid, Egypt

Mr Roberto Garretón, Chile

Ms Nahla Haidar El Addal, Lebanon

Prof. Michelo Hansungule, Zambia

Ms Gulnora Ishankanova, Uzbekistan

Ms Imrana Jalal, Fiji

Justice Kalthoum Kennou, Tunisia

Ms Jamesina Essie L. King, Sierra Leone

Prof. César Landa, Peru

Justice Ketil Lund, Norway

Justice Qinisile Mabuza, Swaziland

Justice José Antonio Martín Pallín, Spain

Prof. Juan Méndez, Argentina

Justice Charles Mkandawire, Malawi

Justice Yvonne Mokgoro, South Africa

Justice Tamara Morschakova, Russia

Justice Willly Mutunga, Kenya

Justice Egbert Myjer, Netherlands

Justice John Lawrence O'Meally, Australia

Ms Mikiko Otani, Japan

Justice Fatsah Ouguergouz, Algeria

Dr Jarna Petman, Finland

Prof. Mónica Pinto, Argentina

Prof. Victor Rodriguez Rescia, Costa Rica

Mr Alejandro Salinas Rivera, Chile

Mr Michael Sfard, Israel

Prof. Marco Sassoli, Italy-Switzerland

Justice Ajit Prakash Shah, India

Justice Kalyan Shrestha, Nepal

Ms Ambiga Sreenevasan, Malaysia

Justice Marwan Tashani, Libya

Mr Wilder Tayler, Uruguay

Justice Philippe Texier, France

Justice Lillian Tibatemwa-Ekirikubinza, Uganda

Justice Stefan Trechsel, Switzerland

Prof. Rodrigo Uprimny Yepes, Colombia

International
Commission
of Jurists

10/1 Soi Aree 2
Phaholyothin Road
Samsennai, Phayathai
Bangkok 10400
Thailand

**t** +66 2 61 98 477/478
**f** +66 2 61 98 479
www.icj.org